မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၅၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၇ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၉)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဂလိုရီယာ၊ မာကာ ပါဂါလ်၊ အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၇ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာ၊ ဗီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ယူနန်ပြည်နယ် အစိုးရ ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ချင်းကွမ်းရှန် ကူမင်းမြို့ Empark Grand Hotel တွင် လာရောက် ဂါရဝပြု တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးစွာဆွေးနွေးခဲ့ ယူနန်-မြန်မာ စီးပွားတိုးတက်ရေးဖိုရမ်ကို အောင်မြင်စွာ ကျင်းပနိုင်

ယူနန်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာချင်းကွမ်းရှန်

သစ်တော၊ သတ္တု၊ ရေအားလျှပ်စစ်၊ ပုံမှန်ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာကောင်းများ ရှင်းလင်းပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော် ဇွန် ၁၁

ယူနန်ပြည်နယ် ကူမင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ဇွန် ၇ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် Empark Grand Hotel တတိယထပ်ရှိ Function Room ၌ ယူနန်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာချင်းကွမ်းရှန်က လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ကျော် ရှိပြီး ကိုးကွယ်မှုဘာသာအရ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဟူ၍ ဘာသာကြီးလေးရပ်ကို ကိုးကွယ်ဆည်းကပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်သောဘာသာရေး ကိုးကွယ်ခွင့်ကို ထူးခြားစွာခံစားရရှိသည်။ ယင်းလွတ်လပ်စွာ ခံစားရရှိပြီးဖြစ်သော ဘာသာရေးဆိုင်ရာ ကိုးကွယ်ခွင့်တန်ဖိုးကို မြန်မာနိုင်ငံသားတိုင်းရင်းသားအားလုံးက အလေးအမြတ် ခံယူပြီးဖြစ်သည်။

ကျော်စိုး (မြန်မာနိုင်ငံလုံးဆိုင်ရာဓမ္မာလဝီအဖွဲ့ချုပ်)၏ ဆောင်းပါး၊ (စာ ၈-၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၁၂ ရက်)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးခဲ့ကြသည်။ ဆွေမျိုးပေါက်ဖော်ပီသစွာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်နှင့်အညီ နေထိုင်လာခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သို့ ၂၀၀၇ခုနှစ် ဇွန်လ၅ရက်နေ့မှ ၁၀ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့သည်။

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ်၊ တရုတ် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းတို့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် အရှိန်အဟုန်ဖြင့် အောင်မြင်လျက်ရှိပြီး အနာဂတ်တွင်လည်း ဆတက်ထမ်းပိုးတိုး၍ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိရာ ယမန်နှစ်က နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ ၁ဒသမ၄ဘီလီယံအထိ တိုးတက်ခဲ့သည်။ ထို့ပြင် စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍနှင့် အခြားသော စီးပွားရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုလည်း တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် အိမ်နီးချင်းကောင်းပီသစွာ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုးတက်အောင်မြင်မှုများ ရရှိနေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး စီးပွားရေးဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးပွားဖြစ်ထွန်းလာမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဗိုလ်တထောင် မြို့နယ် ၁၀ရပ်ကွက် ဗိုလ်ချုပ်အောင် ဆန်း လမ်း အမှတ် ၁၆၅/၅ နေ ဦးမောင်မောင်ကြီး-ဒေါ်ရင်ရင်မေ တို့၏ မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(စီမံ)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များစွမ်းရည်မြှင့် ကွန်ပျူတာသင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၁

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အမှုဆောင်များ စွမ်းရည်မြှင့် ကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၈ ရက် နံနက်က မြိတ်မြို့ရှိ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမဆောင်၌ ကျင်းပရာ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက် အဖွင့် အမှာစကားပြောကြားကြပြီး သင်တန်းခန်းမဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါသင်တန်းသို့ ကျေးရွာ၊ ရပ်ကွက်နှင့်မြို့နယ်များမှ အမှုဆောင် ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်မည်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တနင်္သာရီတိုင်း ဒေသခံရေလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တနင်္သာရီတိုင်း ငါးလုပ်ငန်း ဦးစီးဌာနမှူးရုံး၌ ဒေသခံ ရေလုပ်ငန်းရှင်များအားတွေ့ဆုံကာ ဖမ်းဆီးထုတ်လုပ်မှုသာမက မွေးမြူထုတ်လုပ်မှု အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေးအတွက် ပို့ကုန်တိုးမြှင့် တင်ပို့ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပေးအပ်လှူဒါန်း

တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျောင်းသုံး ဗလာစာအုပ်၊ စာရေးကိရိယာ၊ ဝတ်စုံနှင့် စာသင်ခုံများလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကြသည်။ ထို့နောက် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် ကျောင်းသုံး ဗလာစာအုပ်၊ စာရေးကိရိယာ၊ ဝတ်စုံနှင့် စာသင်ခုံများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၇ သိန်းကို တိုင်းအသင်းနာယက တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက လည်းကောင်း၊ တနင်္သာရီတိုင်းအတွင်းရှိ ရေလုပ်ငန်းရှင်များက ပညာရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ် ၁၈ သိန်းကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းတို့က ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု သံသရာအေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ရောက်ရှိပြီး သံသရာအေးဆရာတော်ထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးက ကျောင်းသုံးစာအုပ်နှင့် ကျောင်းဝတ်စုံများ၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ငွေကျပ် သုံးသိန်းကျော်တန်ဖိုးရှိကျောင်းစာသင်ခုံ၊ စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၂-၆-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၄း၅၅	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
၆း၃၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၁၀)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၃)

မူးယစ်ကင်းစင် အလှဆင်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မဟာတံတိုင်းကြီးသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်မှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၇ရက် နံနက် ၁၀နာရီတွင် မော်တော်ယာဉ်များဖြင့် Ba Da Ling အရပ်ရှိ မဟာတံတိုင်းကြီးသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက် လေ့လာကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြသည်။

တွေ့ဆုံမှာကြား

ထိုသို့ ရောက်ရှိစဉ် သံရုံးမိသားစုများနှင့် မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံမှာကြားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့မှ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်ရန် ပေကျင်းမြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ၅နာရီတွင် ရောက်ရှိကြသည်။

ခရီးဦးကြိုဆို

ထို့နောက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည်တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် တရားဥပဒေရေးရာလုပ်ငန်းကော်မတီ ကော်မတီဝင် Mr. Zhang Chunsheng နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာမှ ဦးစီးဌာနသံမှူး Mr. Li Xuelin တို့ လိုက်ပါလျက် တရုတ်လေကြောင်း (China Air) လေယာဉ်ဖြင့် ည၇နာရီ ၅၅ မိနစ်တွင် ယူနန်ပြည်နယ် ကူမင်းမြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦး ကြိုဆိုသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာတန်ကျန်၊ ယူနန်ပြည်နယ်အစိုးရ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စစ်ကျိုးဟုန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဂါရဝပြုပေးအပ်

အတွင်းရေးမှူး(၁)အား ယူနန်ပြည်နယ် တိုင်းရင်းသူတစ်ဦးနှင့် မြန်မာအမျိုးသမီးငယ်လေးတစ်ဦးတို့က ဂုဏ်ပြုပန်းစည်း ဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)အား ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်မိသားစုက ဂါရဝပြု ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကူမင်းမြို့ရှိ ခေတ္တတည်းခိုမည့် Empark Grand Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိနားကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ ပေကျင်းမြို့ Ba Da Ling အရပ်ရှိ မဟာတံတိုင်းကြီးကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ယူနန်ပြည်နယ်အစိုးရ ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာချင်းကွမ်းရှန် ကူမင်းမြို့ Empark Grand Hotel တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

တွေ့ဆုံဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပါဝင်တက်ရောက်

အလားတူ ယူနန်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာချင်းကွမ်းရှန်နှင့်အတူ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် တရားဥပဒေရေးရာလုပ်ငန်းကော်မတီ ကော်မတီဝင် Mr. Zhang Chunsheng၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Liu Shaoyao၊ ယူနန်ပြည်နယ် အစိုးရ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Liu Ping၊ အထွေထွေအတွင်းရေးမှူး Mr. Ding Shaoxiangနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ယူနန်ပြည်နယ်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ ယူနန်ပြည်နယ်အစိုးရ အုပ်ချုပ်ရေးမှူး မစ္စတာချင်းကွမ်းရှန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပဏာမပြောကြားပြီးနောက် မိမိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့စဉ်က အဆွေတော်နှင့် တွေ့ဆုံခဲ့ပြီး ချစ်ကြည်ရေးနှင့် နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အဆိုပါခရီးစဉ်အတွင်း အဆွေတော်တို့၏ ဧည့်ဝတ်ကျေပွန်မှုကိုလည်း ဝမ်းမြောက်ရပါကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါကြောင်း၊ အဆိုပါ ခရီးစဉ်အတွင်း အဆွေတော်နှင့်ဆွေးနွေးချက်များကိုလည်း မိမိ ကူမင်းသို့ပြန်ရောက်သည်နှင့်တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို အသိပေးလိုပါကြောင်း၊ ယခု ယူနန်–မြန်မာ စီးပွားတိုးတက်ရေး Forum ကျင်းပ နိုင်ခဲ့ပါကြောင်းဖြင့် ပဏာမပြောကြားသည်။

နှုတ်ခွန်းဆက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားပြီးနောက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နယ်နိမိတ်ချင်း ရှည်လျားစွာဆက်စပ်နေသည့်အနက် နယ်နိမိတ်အများစုမှာ ယူနန်ပြည်နယ်နှင့် ဆက်စပ်မှုအများဆုံးဖြစ်ပါကြောင်း၊ ထို့ကြောင့် ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် ကူးလူးဆက်ဆံမှုအများဆုံးရှိသည့် ပြည်နယ်ဖြစ်ပါကြောင်း၊ နှစ်ဖက်စလုံးတွင်လည်း တူညီသည့် တိုင်းရင်းသားလူမျိုးများရှိပြီး တူညီသည့်ဓလေ့ထုံးစံများလည်း ရှိနေကြပါကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံခေါင်းဆောင်များသည်လည်း ယူနန်ပြည်နယ်သို့ ရောက်ရှိခဲ့ကြပြီး ယူနန်ပြည်သူများကို များစွာခင်မင်ရင်းနှီးမှုရှိကြပါကြောင်း။

တိုးမြှင့်ဆောင်ရွက်

မိမိ၏ ယခုခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြီးအကဲများနှင့်လည်း တွေ့ဆုံခဲ့ကြပါကြောင်း၊ မိမိ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံစီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် စီးပွားရေးဆိုင်ရာ ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များလည်း အတူလိုက်ပါလာကြပါကြောင်း ပြောကြားပြီး သစ်တော၊ သတ္တု၊ ရေအား လျှပ်စစ်လုပ်ငန်းများနှင့် ပုံမှန်ကုန်သွယ်ရေးကိစ္စများ၊ နှစ်နိုင်ငံခရီးသွား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာကောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ယူနန်ပြည်နယ်အစိုးရ မစ္စတာ ချင်းကွမ်းရှန်က မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ပြည့်ပြည့်စုံစုံ သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၇ ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျီ၊ ဗွီ၊ လာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၆–၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	မဟာပဋ္ဌာန်းဝိပဿနာတရားတော် (သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ ဆရာတော်)
၇း၅၅	သီးနှံစိုက်ပျိုးအထွက်တိုး "ခြံစည်းရိုးကြက်ဆူပင်"
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	Sunday Talk
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	မြေအိုးထမင်းနှင့် အခြားအရန်ဟင်းများ(အပိုင်း–၁) [မြေအိုးထမင်း၊ ရဲယိုရွက်ငါးရှူ အကြွပ်ကြော်၊ ပန်းငရုတ်ပွ ပုစွန်အစာသွတ်]
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	အနုပညာရပ်ဝန်းမှပွဲတင်သံများ SAKURAဇာတ်ကားအစမ်းပြသပွဲ
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	လှပတင့်တယ် ကယားရိုးရာ ရက်ကန်းအထည်
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	မွန်မြတ်သောအလှူ(စေတနာရှင် ဆရာဝန်ကြီးများ၏ ရေးမြို့နယ် အစင်ကျေးရွာသို့ အခမဲ့ဆေးကုသရေးခရီးစဉ်) [အပိုင်း–၁]
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ
၁၁း၃၅	မိုးလေဝသခန့်မှန်းချက်
၁၁း၄၀	"ဂျပန်လက်ရွေးစင်ဘောလုံးသမားဟောင်း နာကာတာ၏ မြန်မာနိုင်ငံခရီးစဉ်"
၁၂း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၂း၂၀	နူးညံ့လှပတေဇဂုဏ်ယိမ်းအက
၁၂း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
၁၂း၅၀	တေးဂီတအစီအစဉ်
၁၂း၅၅	မောင်မြန်မာလျှပ်စစ်စက်ဘီး (ရီဝေယံ၊ ပုလဲဝင်း) [ဒါရိုက်တာ–တင်အောင်ရွှေ (သုတေသီ)]
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

■ *ကျောဖုံးမှ*

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တက်ရောက်

အလားတူ ယူနန်ပြည်နယ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာပိုင်အမ်းဖေနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် တရားဥပဒေရေးရာလုပ်ငန်းကော်မတီ ကော်မတီဝင် Mr. Zhang Chunsheng၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Liu Shaoyao၊ ယူနန်ပြည်နယ် ပြည်သူ့ရှေ့နေချုပ်ရုံး ရှေ့နေချုပ် Mr. Li Chun Lin၊ ယူနန်ပြည်နယ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ အထွေထွေအတွင်းရေးမှူး Mr. Shen Anbo၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနသံမှူး Mr. Li Xuelin၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် ပြည်တွင်းရေးရာနှင့် တရားရေးရာ ကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Gao Zuxing၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် တရုတ် နိုင်ငံသားရေးရာကော်မတီ နိုင်ငံခြားရေးရာနှင့် ပင်လယ်ရပ်ခြား ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wang Yansheng နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ထိုသို့ တွေ့ဆုံရာတွင် Mr. Bai Enpei က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် တရုတ်အမျိုးသားပြည်သူ့ ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၊ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းတို့နှင့်တွေ့ဆုံပြီး အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံစီးပွားရေး အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကိုဆွေးနွေးခဲ့ကြပြီး အမြင်ခြင်းဖလှယ်ခဲ့ကြကာ သဘောတူညီမှုများ၊ နားလည်မှုများရရှိခဲ့ကြောင်း ကြားသိရသည့်အတွက် အလွန်ပင် နှစ်ထောင်းအားရ ဝမ်းမြောက်မိပါကြောင်း။

တိုးတက်အောင်မြင်

မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့သည် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိပြီး အစဉ်အလာအရ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာကြသည့် ဆွေမျိုးပေါက်ဖော်များ ဖြစ်ကြပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ မကြာခဏ လည်ပတ်သွားလာခဲ့ကြပြီး ချစ်ကြည်ရင်းနှီးမှု အစဉ်အမြဲ ခိုင်မြဲကောင်းမွန်လျက်ရှိသကဲ့သို့ နှစ်ဖက်စီးပွားကုန်သွယ်မှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများမှာလည်း တိုးတက်အောင်မြင်လျက်ရှိပါကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်ပြီး ယူနန်ပြည်နယ်ကိုပါ ရောက်ရှိလာခြင်းသည် အဆိုပါအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်သထက် ကောင်းမွန်လာစေရန် တွန်းအားပေးခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံ မြစ်ကြီးနားမြို့သို့ မော်တော်ကားလမ်း ဖောက်လုပ်လျက်ရှိပြီး မီးရထားလမ်း ဖောက်လုပ်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့၏ ဆက်ဆံရေးနှင့် စီးပွားကုန်သွယ်ရေးတို့တွင် အခြေခံကောင်းများ ရှိနေပြီးဖြစ်သဖြင့် ရှေ့ဆက်လက်၍ အောင်မြင်တိုးတက်မှုများသာ ရှိနေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ရည်ရွယ်ချက်ရှင်းလင်းပြောကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က နှုတ်ဆက်စကား ပြန်လည်ပြောကြားပြီးနောက် ကိုယ်စားလှယ်အဖွဲ့ဝင် ပါဝင်သော အဆင့်မြင့်အရာရှိကြီးများကိုတစ်ဦးချင်းမိတ်ဆက်ပေးပြီး ချစ်ကြည်ရေးခရီးစဉ် လာရောက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြန်မာနှင့် တရုတ်နှစ်နိုင်ငံအနေဖြင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြရန် အစီအစဉ်များရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားရန်ရှိကြောင်း၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့များ ပို့လွှတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် ကောင်စီဝင် မစ္စတာတန်ကြားရွှမ်နှင့် တွေ့ဆုံရာတွင်လည်း မြန်မာနှင့် ယူနန်ပြည်နယ်တို့ စီးပွားရေးနှင့်ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ရေး၊ ရေအားလျှပ်စစ် စီမံကိန်းများ၊ ကားလမ်း၊ ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြပါကြောင်း။

ဆက်လက်ရှင်းလင်း

မြန်မာနှင့်တရုတ် နှစ်နိုင်ငံအကြားတွင် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတို့အတွက် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ မကြာခဏ အပြန်အလှန် ချစ်ကြည်ရေးခရီးများ လာရောက်ခဲ့ကြပါကြောင်း၊ ဤအစဉ်အလာကောင်းများ ဆက်လက်ရှင်သန်နေစေရေးအတွက် မျိုးဆက်သစ်များအနေဖြင့် ထမ်းဆောင်နိုင်ရန် ယခုခရီးစဉ်ကို လာရောက်စေခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် သတ္တု၊ သစ်တော၊ ရေမြေသဘာဝ အရင်းအမြစ်များ များစွာရှိနေပါကြောင်း၊ တရုတ်နိုင်ငံတွင် ရှိနေပြီးဖြစ်သော နည်းပညာနှင့် အရင်းအနှီးများကို ပူးပေါင်းလိုက်မည်ဆိုလျှင် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်လျက် ရှိပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ယူနန်ပြည်နယ် ကူမင်းမြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ် ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာပိုင်အမ်းဖေက Empark Grand Hotel ပထမထပ်ရှိ Bamquet Hall၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီ အထွေထွေ အတွင်းရေးမှူး မစ္စတာပိုင်အမ်းဖေ ကူမင်းမြို့ Empark Grand Hotelတွင် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှူလျမ်နှင့်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်း ဥက္ကဋ္ဌ မဒမ်ဂူရှူလျမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များက ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ် ၄၅၅/၄၅၇ ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အောက်ဝဲပုံ)

လက်ခံတွေ့ဆုံ

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးအောင်သိန်းလင်း၊ ဦးမောင်ပါနှင့် ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် တရုတ် အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှူလျမ်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ လုပ်ငန်းစဉ်များဖြစ်သည့် အခြေခံမူငါးရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း။

ဝမ်းမြောက်စွာကြိုဆို

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်း ပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းကြီးက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း၊ ရလဒ်ကောင်းများလည်း ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီးအနေဖြင့်လည်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် တရုတ် အာဆီယံအသင်းတို့ ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဝမ်းမြောက်စွာကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းကို ဗီဒီယိုဆလိုက်ဖြင့် ပြသပြီး တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံ အသင်းဥက္ကဋ္ဌမဒမ်ဂူရှူလျမ်က ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လာရောက်ရသည့် ရည်ရွယ်ချက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အမျိုးသမီးရေးရာနှင့် ပတ်သက်၍ လှုပ်ရှားဆောင်ရွက်မှုများ၊ တရုတ်အာဆီယံအသင်း၏ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယ ဥက္ကဋ္ဌနှင့် တရုတ် အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှူလျမ်တို့သည် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှူလျမ်တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှူလျမ်ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများ ချမှတ်ဖော်ဆောင် အခြေခံကောင်းများရရှိစေရေး ဦးတည်ပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေးနေ

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၇ ရက် မွန်းတည့် ၁၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိလာကြရာ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ခရီးဦးကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးတွင် သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် မြန်မာနိုင်ငံမှ ပညာတော်သင်သင်တန်းသားများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁)သည် သံရုံးဝန်ထမ်းများနှင့် မိသားစုကိုယ်စား သံအမတ်ကြီး ဦးသိန်းလွင်သို့လည်းကောင်း၊ စစ်သံရုံးမိသားစုများကိုယ်စား စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေသို့လည်းကောင်း၊ ပေကျင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ဝန်ကြီးဌာန အသီးသီးမှ ပညာသင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးသို့လည်းကောင်း လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)က သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်များအား တွေ့ဆုံမှာကြားရာတွင် သမိုင်းကြောင်းတစ်လျှောက် ချစ်ကြည်ရင်းနှီးစွာရှိခဲ့သည့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲစေရန်နှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရန်အတွက် မိမိခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း။

တိုးတက်အောင်မြင်

ယနေ့ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုဖြစ်လာစေရန်အတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဖြစ်လာစေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့ရာ မျှော်မှန်းသည်ထက် ပိုမိုတိုးတက်အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရေးအတွက် သားစဉ်မြေးဆက် ရေရှည်တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရန်လည်း လိုကြောင်း၊ ထိုသို့ဖြစ်ပေါ်လာစေရန် အမျိုးသားညီလာခံကြီးကို ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးချမှတ်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း၊ ထိုသို့ပြီးစီးပါက ယင်းအသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်ဆောင်ရွက်

စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ဖြစ်လာရန်အတွက် အေးချမ်းသာယာရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးရှိရန်လိုကြောင်း၊ ထို့ပြင် ပြည်သူပြည်သားများအနေဖြင့် စားဝတ်နေရေးဖူလုံ၍ စီးပွားရေးခိုင်မာတောင့်တင်းနေရန်လည်းလိုကြောင်း၊ ထို့မျှသာမက အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားသိမြင်နိုင်သည့် အသိဉာဏ်ပညာရှိသောသူများလည်းဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့်နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအခြေခံ မြေခံကောင်းများရရှိစေရေးကိုဦးတည်၍အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေးလျက်လည်း ရှိနေကြောင်း။

ပြည်ပသို့ရောက်ရှိနေသည့် သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်များသည် နိုင်ငံတော်က ထားရှိသောရည်မှန်းချက်၊ ဦးတည်ချက်၊ ဆောင်ရွက်ချက်များကို မျက်ခြည်ပြတ်မခံဘဲ သိရှိနေရန်လိုကြောင်း၊ သိရှိသည့်အခြေအနေမှန်များကို လိုအပ်သည့်အခါ ရှင်းလင်း ပြောကြားကြရန် လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနှင့် တရုတ် နှစ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲသည်ထက် ခိုင်မြဲလာစေရေးကို အစဉ် ဦးတည်ဆက်ဆံ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က နေ့လယ်စာဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ ကူမင်းမြို့ရှိ China Southern Power Grid Co., Ltd. ဒုတိယဥက္ကဋ္ဌ Mr. Wang Liangyou နှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

ရှင်းလင်းပြသ

ထို့နောက် ပန်းမန်များကို ထုပ်ပိုး၍ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေသည့် Kunming International Flower Auction Centre(KIFA) စခန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယူနန်ပြည်နယ်အတွင်း ပန်းမျိုးစုံ စိုက်ပျိုးလုပ်ကိုင်မှု၊ ပြည်ပနိုင်ငံများသို့ ထုပ်ပိုးတင်ပို့ ရောင်းချနေမှုများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ ညစဉ် ၉ နာရီမှ စတင်၍ ပန်းများကို လေလံတင်ရောင်းချသော Auction Hall သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကူမင်းမြို့၏ ပန်းစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုကြသည်။

သွားရောက်လေ့လာ

ယင်းနောက် နံနက် ၉ နာရီခွဲတွင် Kunming Iron & Steel Company Ltd. သို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဝမ်ချိုင်းယုံနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဝမ်ချိုင်းယုံက သံမဏိစက်ရုံ တည်ဆောက်ခဲ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ သံမဏိသံပြားနှင့် သံချောင်းအရွယ်အစား အမျိုးမျိုးထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ကုမ္ပဏီ၏မြေညီထပ်တွင် ခင်းကျင်းပြသထားသော စက်ရုံ အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှု စက်ရုံမှ ထုတ်လုပ်သည့် သံ၊ သံမဏိ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး အတွင်းရေးမှူး(၁)သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကုမ္ပဏီဥက္ကဋ္ဌနှင့်အတူမှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ မော်တော်ယာဉ်များဖြင့် စက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်းသံမဏိသံပြားထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ထားသည့် ကုန်ချောပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Empark Grand Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ကူမင်းမြို့ရှိ World Horti-Expo Garden သို့ ရောက်ရှိကြရာ Expo Garden Co., Ltd. ဥက္ကဋ္ဌ Mr. Wang Xing နှင့် ယူနန်တိုင်းရင်းသား တိုင်းရင်းသူလေးများက ကြိုဆိုကြသည်။

ယင်းနောက် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရောင်စုံပန်းနာရီရှေ့တွင် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပန်းခြံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ရှေးဦးစွာ Green House အတွင်း ကမ္ဘာ့အပူပိုင်းဒေသနှင့် အပူပိုင်းဒေသတို့တွင် ပေါက်ရောက်သည့် သစ်ပင်မျိုးစုံနှင့် ပန်းပင်များ စိုက်ပျိုးရှင်သန်နေမှုကိုလည်းကောင်း၊ နိုင်ငံစုံ ဥယျာဉ်များနှင့် မြန်မာဥယျာဉ်တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံဥယျာဉ်ရှေ့တွင် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် Stone Hall အတွင်း ကျောက်ဆောင်ကျောက်တောင်များနှင့် ရေတံခွန်ပြကွက်များကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Yunan Power Grid Corporation သို့ရောက်ရှိကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရင်းနှီးမြှုပ်နှံခဲ့

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ကူမင်းမြို့ရှိ Yunan Power Grid Corporation သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား China Southern Power Grid Co., Ltd. ဒုတိယဥက္ကဋ္ဌ Mr. Wang Liangyou က ကုမ္ပဏီ၏ ရေအားလျှပ်စစ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ကုမ္ပဏီ၏ ရေအားလျှပ်စစ်လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံခဲ့ရမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား YNPG မှ ဖြန့်ဝေထုတ်လုပ်ပေးပို့မှုအခြေအနေများကို ၎င်းတို့၏ ထိန်းချုပ်ခန်းမတွင် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီတာဝန်ရှိသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ပြီး အတွင်းရေးမှူး(၁)က မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကူမင်းမြို့မှ လီကျန်းမြို့သို့ ချစ်ကြည်ရေးခရီးဆက်လက်ထွက်ခွာရန် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် Empark Grand Hotel မှ ကူမင်းမြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Dan Zeng၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် China Eastern လေကြောင်းလိုင်း လေယာဉ်ဖြင့် ကူမင်းမြို့မှ ထွက်ခွာကြရာ ညရနာရီ မိနစ်၂၀တွင် ယူနန်ပြည်နယ် လီကျန်းလေဆိပ်သို့ရောက်ရှိကြပြီး အတွင်းရေးမှူး(၁)က လေဆိပ်တွင် ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရောက်ရှိရပ်နား

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Guan Fang Hotel Li Jiang သို့ ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လီကျန်းမြို့ရှိ Jade Dragon Snow Mountain Scenic Spot, Black Dragon Pool Park, Dongba Museum၊ လီကျန်းမြို့ဟောင်းသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လီကျန်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Dan Zeng ၊ ကူးမင်းမြို့ အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယူနန်ပြည်နယ် လီကျန်းမြို့၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ယွင့်ရှန်းဖျင့် မီဒိုးပန်းခြံသို့ လေ့လာရန်အတွက် ဇွန် ၉ ရက် နံနက် ၈ နာရီတွင် မော်တော်ယာဉ်များဖြင့် လီကျန်းမြို့မှ ထွက်ခွာလာရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ယွင့်ရှန်းဖျင့်မီဒိုးပတ်ခ်တောင်ခြေမှတစ်ဆင့် Jade Dragon Snow Mountain Scenic Spot သို့ တက်ရောက်ကြည့်ရှုလေ့လာကာ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ လီကျန်းမြို့ဟောင်းကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဆွဲဆောင်အားကောင်း

အဆိုပါ ယွင့်ရှန်းဖျင့်မီဒိုးပတ်ခ်သည် ယူနန်ပြည်နယ် လီကျန်းမြို့မှ ၃၂ ကီလိုမီတာအကွာ ယူနန်ပြည်နယ်၏ အနောက်တောင်အရပ်တွင် တည်ရှိပြီး ကမ္ဘာလှည့် ခရီးသည်များအား ဆွဲဆောင်အားကောင်းသည့် တစ်နှစ်ပတ်လုံး နှင်းများ ဖုံးလွှမ်းနေသော တောင်ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ယွင့်ရှန်းဖျင့်မီဒိုးပတ်ခ်မှ ပြန်လည်ထွက်ခွာလာရာ ခေတ္တတည်းခိုသည့်ဟိုတယ်သို့ နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား လီကျန်းမြို့ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာဟယ်ဆေ့ရှင်းက မွန်းတည့် ၁၂ နာရီတွင် လီကျန်းမြို့ရှိ Guan Fang Hotel Li Jiang ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကူမင်းမြို့ အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်တို့ တက်ရောက်ကြပြီး လီကျန်းမြို့ ပါတီကော်မတီ အတွင်းရေးမှူး Mr. He Zis Xing နှင့်အတူ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယ ဥက္ကဋ္ဌ Mr. Dan Zeng နှင့် လီကျန်းမြို့ ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဝမ့်ကော်ဝုတို့လည်း တက်ရောက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် လီကျန်းမြို့ရှိ Black Dragon Pool Park သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ခင်းကျင်းပြသထား

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် Dongba Museum သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်းရှိ နရီးလူမျိုးတို့၏ ယဉ်ကျေးမှု စတင်ဖြစ်ပေါ် ထွန်းကားလာသည့် နံရံဆေးရေးအရုပ် ပန်းချီကားများ၊ နရီးလူမျိုးစုဖြစ်ပေါ်လာသည့် သမိုင်းကြောင်းပြမြေပုံနှင့် နရီးလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုများ၊ စာပေယဉ်ကျေးမှုနှင့် ပုရပိုက်များ၊ အရုပ်စာများ၊ ရှေးဟောင်းအိမ်၊ အသုံးအဆောင်ပစ္စည်းများ၊ နရီးလူမျိုးတို့၏ ဘာသာရေးဆိုင်ရာ ကိုးကွယ်မှု အခမ်းအနားခင်းကျင်းပြသထားရှိမှု ပြကွက်တို့ကို ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ခံ မစ္စမုလန်ဟွားက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် လီကျန်းမြို့ဟောင်းသို့ ညနေ ၄ နာရီတွင် ရောက်ရှိကြပြီး ရှေးဟောင်းမြို့ပြအဆောက်အအုံများ၊ ရှေးဟောင်း ဗိသုကာပညာရှင်များ၏ အနုပညာလက်ရာများ၊ အမှတ်တရအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လီကျန်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ လီကျန်းလေဆိပ်သို့ ည ၈ နာရီခွဲတွင် ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် လီကျန်းလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် လီကျန်းမြို့ ပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာ ဝမ့်ကော်ဝုနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် လီကျန်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ယူနန်ပြည်နယ် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၉ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြပြီး ကူးမင်းမြို့ရှိ ခေတ္တ တည်းခိုသည့် Empark Grand Hotel ၌ ရပ်နားကြသည်။

ကူမင်းမြို့ရောက်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ဇွန် ၁၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကူမင်းမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ တန်ကျန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာန သံမှူး မစ္စတာ လီရှလင်၊ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. He Mingsheng၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ကူမင်းမြို့ အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Air Bagan အထူးလေယာဉ်ဖြင့် ကူမင်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးညာဏ်ဝင်း ဖိလစ်ပိုင်နိုင်ငံ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၇ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၉)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတို၊ ဂျီ၊ ရိုမြူလိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပန်းဈေးတွင်လေ့လာ

ဇွန် ၈ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကူမင်းမြို့ရှိ Dounan ပန်းဈေးတွင် ကြည့်ရှုလေ့လာကြစဉ်။(သတင်း-၅) (သတင်းစဉ်)

မြို့နယ်များရှိ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၉ရက် နံနက်ပိုင်းက တွံတေးမြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသို့ရောက်ရှိရာ တာဝန်ခံများက ဆက်သွယ်ရေး၊ စာတိုက်၊ ကြေးနန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အိတ်ချိန်းစက်ခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကော့မှူးမြို့နယ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကော့မှူးမြို့ ဆက်သွယ်ရေး အော်တိုအိတ်ချိန်းသို့ ရောက်ရှိ၍ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကာ တာဝန်ခံများ၏ တင်ပြချက်အပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ကွမ်းခြံကုန်းမြို့နယ်

ဆက်လက်၍ ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသို့ ရောက်ရှိ၍ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒေးဒရဲမြို့နယ်

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့သို့ရောက်ရှိရာ တာဝန်ခံက ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ စာတိုက်၊ ကြေးနန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အော်တိုအိတ်ချိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ပေးသည်။

ဖျာပုံမြို့နယ်

ဆက်လက်၍ ဝန်ကြီးသည် ဖျာပုံမြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစခန်းသို့ ရောက်ရှိ၍ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် မိုဘိုင်းလ် ဆက်သွယ်ရေး အင်ဂျင်နီယာချုပ်က ကမ်းရိုးတန်းနှင့် ကမ်းနီးကမ်းဝေး ဆက်သွယ်ရေးစနစ် ထူထောင်မှုနှင့် တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပစ္စည်းတပ်ဆင်မှုနှင့် တည်ဆောက်မှုများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးရန် မှာကြားသည်။

ကျိုက်လတ်မြို့နယ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျိုက်လတ်မြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းနှင့် အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစခန်းသို့ ရောက်ရှိ၍ အိတ်ချိန်းရှိ ဆက်သွယ်ရေးစနစ်များ တပ်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မအူပင်မြို့နယ်

ထို့နောက် ဝန်ကြီးသည် မအူပင်မြို့သို့ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဆက်သွယ်ရေးလုပ်ငန်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးအေးမောင်၏ (၇၅)နှစ် ပြည့်မြောက် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းသွယ်(၁) ကျန်စစ်သားလမ်း မီးလှိုင်ရှင်အိမ်ရာ အမှတ် (C/95) နေ ဦးအေးမောင်-ဒေါ်တင်တင်အေး မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယဆရာတော် ဦးလက္ခဏ(ကျောင်းသစ်ကျောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများအပေါ် ချိုသာပျူငှာစွာ ဆက်ဆံ လျင်မြန်သွက်လက်သည့် ဘဏ်လုပ်ငန်းဖြင့် ပြည်သူအကျိုးသယ်ပိုး

ရန်ကုန် ဇွန် ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၈ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ကျိုက်လတ်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ဒေသစီးပွားဖွံ့ဖြိုးရေးအတွက် ထိရောက်ထက်မြက်သည့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများဖြင့် ပံ့ပိုးကူညီပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အကျိုးစီးပွားသယ်ပိုး

ဝန်ကြီးက ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများအပေါ် ချိုသာပျူငှာသည့် ပြောဆိုဆက်ဆံမှု၊ လျင်မြန်သွက်လက်သည့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများဖြင့် ဒေသခံပြည်သူများအား အကျိုးစီးပွား သယ်ပိုးသွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် အခွန်ဦးစီးဌာနရုံးသို့ ရောက်ရှိစစ်ဆေးပြီး ရသင့်ရထိုက်သည့် အခွန်နှုန်းများ ပြည့်ဝမှန်ကန်စွာ ရရှိရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျိုက်လတ်မြို့ မြန်မာ့အသေးစားချေးငွေ လုပ်ငန်းရုံးခွဲသို့ ရောက်ရှိစစ်ဆေးရာ တိုင်းမန်နေဂျာနှင့် ရုံးခွဲတာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဒေသစီးပွားဖွံ့ဖြိုးရေးတွင် အထောက်အကူပြုရေး မှာကြားသည်။

လုပ်ငန်းလျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အရာထမ်း၊ အမှုထမ်းများသည် ရိုးဖြောင့်မှန်ကန် တာဝန်သိစွာဖြင့် နိုင်ငံတော်အတွက် အလုပ်အကျွေးပြုကြရန် လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖျာပုံခရိုင်အတွင်းရှိ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်များရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှအရာထမ်းနှင့် အမှုထမ်းများကို တွေ့ဆုံ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အဆင့် ဌာနတာဝန်ခံများက ဘဏ္ဍာနှစ်အတွင်း

ဖြည့်စွက်မှာကြား

ယင်းနောက် ဝန်ကြီးသည် ဖျာပုံခရိုင်နှင့် မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ရုံးများ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းရုံးခွဲတို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

စစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ညနေပိုင်းတွင် ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ လှိုင်သာယာမြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်းရုံးခွဲများသို့ ရောက်ရှိစစ်ဆေးပြီး ဌာနတာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Power Tree UPS ၏ ကံစမ်းမဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

Direct Channel Distribution (DCD) Co., Ltd. က ကြီးမှူး၍ **Power Tree UPS** ဝယ်ယူသုံးစွဲသူများအတွက် ကံစမ်းမဲဖွင့်ပွဲကို ဇွန် ၈ရက် ညနေပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ **KMD Group of companies** မှ **President,** ဒေါ်တင်တင်အေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် **Power Tree Private Limited** မှ **CEO, Mr. William Foo** က **Power Tree** ထုတ်ကုန်ပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

အထူးဈေးနှုန်းဖြင့်ရောင်းချ

ဆက်လက်၍ ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်သုံးဦးကို 1250 Power Tree UPS များ ချီးမြှင့်ပြီး **(ဝဲပုံ)** ကြွရောက်လာသော ဧည့်သည်များက ကံစမ်းမဲများကို နှိုက်ယူကြသည်။ ကံစမ်းမဲလက်ဆောင်ပစ္စည်းများမှာ Power Tree UPS ဝယ်ယူသူ ကံထူးရှင်များအတွက် ငါးဂရမ်အလေးချိန်ရှိ ရွှေဆွဲပြား ၁၅ခု ဖြစ်ပြီး အထူးအစီအစဉ်ဖြင့် တက်ရောက်လာကြသော ဧည့်သည်များအား Power Tree UPS များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ချက်ချင်းအစားထိုးလဲလှယ်

Power Tree UPS လျှပ်စစ်ဓာတ်အား သိုလှောင်ဖြန့်ဖြူးသည့် ကိရိယာများကို သုံးစွဲခြင်းဖြင့် Voltage ၁၄၀ မှ ၂၇၀အထိ ခံနိုင်ရည်ရှိပြီး AVR function ပါရှိခြင်းကြောင့် AVR သီးသန့်ဝယ်ယူသုံးရန် မလိုသည့်အပြင် Phone line surge protection system ပါရှိသဖြင့် ဖုန်းလိုင်းမှ တစ်ဆင့် ကွန်ပျူတာအတွင်းသို့ ဝင်ရောက်နိုင်သော မိုးကြိုးအန္တရာယ်မှ ကာကွယ်နိုင်သည်။ ထို့ပြင် အာမခံနှစ်နှစ်ပေးပြီး အာမခံသက်တမ်း တစ်နှစ်အတွင်း ပျက်စီးသွားသော UPS များကို ချက်ချင်း အစားထိုးလဲလှယ်ပေးသည်။

ဈေးနှုန်းသက်သာစွာအသုံးပြုနိုင်

UPS Battery ၏ သုံးစွဲနိုင်မှု power ပမာဏမှာ 8.2 AH ရှိ၍ Back up time ကို အချိန်ကြာကြာ အသုံးပြုနိုင်ပြီဖြစ်သည်။ Power Tree မှ အသစ်ထုတ်လုပ်ထားသော 650 VA UPS များတွင် 17" Monitor နှင့် တွဲဖက် အသုံးပြုရန် Fully Backup စွမ်းဆောင်ရည်များ ပါရှိသည်။ ထို့ကြောင့် Power Tree UPSများကို ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်ချဲ့နှင့် ကိုလိုနီလက်သစ် နယ်ချဲ့တို့၏ ကောက်ကျစ်စဉ်းလဲ

ကျော်စိုး(မြန်မာနိုင်ငံလုံးဆိုင်ရာမ

ပြောစရာရှိသမျှ ပြောပါရစေ။

ကျွန်တော်သည် အစ္စလာမ်ဘာသာဝင်တစ်ဦး ဖြစ်ပါသည်။ အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်သည်ဟု ဆိုရာတွင် ကျွန်တော်သည် မိရိုးဖလာ အစဉ်အလာ ကိုးကွယ်မှုအဖြစ် အစ္စလာမ်ဘာသာကို ကိုးကွယ်ခြင်းမဟုတ်ပေ။ ကျွန်တော်၏ရိုးတွင်းချဉ်ဆီအထိ စိမ့်ဝင်ပျံ့နှံ့စွာ အစ္စလာမ်တရားတော်ကို ယုံကြည်သက်ဝင်ခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်၏ အဆုံးအမ လမ်းညွှန်ပြသမှုကို အလေးအနက် ခံယူကျင့်သုံးနေထိုင်သူဖြစ်သည်။ ဆိုရလျှင် အစ္စလာမ်ဘာသာရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ လုပ်ဆောင်နေသူတစ်ဦးလည်း ဖြစ်ပါသည်။

ထို့နည်းတူစွာ အခြားသော ကိုးကွယ်ရာ ဘာသာတရားများဖြစ်သည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာများကိုလည်း လေးစားစွာ အသိအမှတ်ပြုပါသည်။ ဘာသာတိုင်းသည် လူသတ္တဝါများကို ယေဘုယျ တူညီသော တရားနှစ်ပါးကို ဟောကြားဆုံးမလေ့ရှိသည်။ **"ယင်းတရားနှစ်ပါးမှာ ဟီရိဩတ္တပ္ပတရားနှစ်ပါးပင် ဖြစ်သည်။"** မကောင်းမှု ကျူးလွန်ခြင်းကို **"ရှက်ခြင်း"**နှင့် မကောင်းမှုကျူးလွန်ခြင်းကို **"ကြောက်ခြင်း"**ပင် ဖြစ်သည်။

လူ့သက်တမ်းသည် လွန်စွာရှည်လျားလှသည် မဟုတ်ပေ။ ထို့ကြောင့်ပင် လူတစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း၊ တူညီသောဘာသာဝင် အချင်းချင်းသော်လည်းကောင်း၊ မတူကွဲပြားခြားနားသော ဘာသာဝင် အချင်းချင်းသော်လည်းကောင်း ညီညွတ်ကြရန် လိုအပ်ပါသည်။ ယင်းညီညွတ်ရေးသည် ငြိမ်းချမ်းရေးကို ဖော်ဆောင်ပါသည်။ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းများ၏ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးဖြင့် နိုင်ငံတော်၏ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖြစ်စေသည်။ နိုင်ငံတစ်ခုချင်း၏ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးမှသည် ကမ္ဘာလုံးဆိုင်ရာ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖြစ်စေသည်။ **"ဤသည်မှာ ကိုးကွယ်ရာ ဘာသာတရား အသီးသီး၏ ကွဲပြားခြားနားခြင်းမရှိသော အဆုံးအမဖြစ်သည်။"**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား လူမျိုးစုပေါင်း ၁၀၀ကျော်ရှိပြီး ကိုးကွယ်မှုဘာသာအရ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဟူ၍ ဘာသာကြီးလေးရပ်ကို ကိုးကွယ်ဆည်းကပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်သောဘာသာရေး ကိုးကွယ်ခွင့်ကို ထူးခြားစွာခံစားရရှိသည်။ ယင်းလွတ်လပ်စွာ ခံစားရရှိပြီးဖြစ်သော ဘာသာရေးဆိုင်ရာ ကိုးကွယ်ခွင့် တန်ဖိုးကို မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံးက အလေးအမြတ် ခံယူပြီး ဖြစ်သည်။

ဤတွင် ပကတိအရှိတရားကို သက်သေထားပြီးဆိုရပါလျှင် အစ္စလာမ်ဘာသာရေးဗလီဝတ်ကျောင်းပေါင်း မြန်မာတစ်နိုင်ငံလုံးတွင် ၂၂၆၆ ကျောင်းရှိပြီး အစ္စလာမ် စာသင်ကျောင်းပေါင်း ၇၅၉ကျောင်းရှိသည်။ အလားတူပင် မြန်မာနိုင်ငံတွင် ခရစ်ယာန်ဘာသာဘုရားရှိခိုးကျောင်းပေါင်း ၃၂၆၅ကျောင်းရှိပြီး ခရစ်ယာန်သီလရှင်ကျောင်းပေါင်း ၁၂ကျောင်းရှိသည်။ ခရစ်ယာန်ဘာသာရေး စာစောင်များအနေဖြင့် လစဉ်ထုတ် စာစောင်ပေါင်း ကိုးစောင်၊ နှစ်လတစ်ကြိမ်ထုတ် စာစောင်နှစ်စောင်၊ သုံးလတစ်ကြိမ်ထုတ် စာစောင်သုံးစောင်တို့ကို ပုံမှန်ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။

ထို့အတူပင် ဘာသာရေးဆိုင်ရာ ဝတ်ပြုမှုတို့ကိုလည်း လွတ်လပ်စွာ စည်စည်ကားကား သွားလာဝင်ထွက် ဝတ်ပြုလျက်ရှိကြသည်။ ဘာသာရေးဆိုင်ရာ ဗလီဝတ်ကျောင်းများ၊ ဘုရားရှိခိုးကျောင်းများတွင် သွားရောက်လေ့လာပါက အထင်အရှား တွေ့မြင်နိုင်ပါသည်။

လက်တွေ့ပြည်သူ့ဘဝနယ်ပယ်တွင် အမှန်တကယ် ကျင့်သုံး

မြန်မာနိုင်ငံတွင် လူမျိုးရေးခွဲခြားမှု၊ အသားအရောင်ခွဲခြားမှု၊ ဘာသာရေးခွဲခြားမှုဟူသော လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများမရှိခဲ့ပါ။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် ဘာသာရေးအရလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရရှိကြသည်။ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဘာသာရေးအရ၊ လူမျိုးရေးအရ၊ အသားအရောင်အရ ခွဲခြားခန့်ထားခြင်းမရှိခဲ့ပေ။ သတ်မှတ်ထားသော အရည်အချင်းနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံသား မှန်သမျှ အလုပ်အကိုင် အခွင့်အလမ်းရရှိကြသည်။ ထိုက်တန်ရာ တာဝန်အဆင့်ရာထူးကို ခန့်ထားလျက်ရှိသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို နှုတ်ထွက်စကားဖြင့် ပြောနေခြင်းမဟုတ်ဘဲ လက်တွေ့ပြည်သူ့ဘဝ နယ်ပယ်တွင် အမှန်တကယ်ကျင့်သုံးလျက်ရှိသည်။

ယင်းအပြင် ကိုးကွယ်ရာဘာသာအလိုက် နေ့ကြီးရက်ကြီးများနှင့် ပွဲတော်များကိုလည်း လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။ ကျင်းပနေကြသည်လည်း ဖြစ်သည်။ ပို၍ လေးစားတန်ဖိုးထားသင့်သည်မှာ ယင်းဘာသာရေးဆိုင်ရာ နေ့ကြီးရက်ကြီးများနှင့်ပွဲတော်များတွင် နိုင်ငံတော်အစိုးရအနေဖြင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ သို့မဟုတ် ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်အားပေးခြင်းဖြင့် အလေးထားစွာ အသိအမှတ်ပြုကြသည်။ ထို့အပြင် ကိုးကွယ်မှုဆိုင်ရာ ဘာသာကြီးများအလိုက် ဘာသာရေးအထိမ်းအမှတ် နေ့ကြီးရက်ကြီးများကိုလည်း မြန်မာနိုင်ငံအစိုးရ၏ ပြန်တမ်းဝင် ရုံးပိတ်ရက်အဖြစ် တရားဝင်သတ်မှတ်ထားသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာသည် တိုင်းရင်းသားအများစုကိုးကွယ်ရာ ဘာသာတရားဖြစ်သော်လည်း နိုင်ငံတော်အစိုးရသည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်နှင့် ပစ္စည်းလေးပါး အပါအဝင် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသကဲ့သို့ ခရစ်ယာန် ဘိုးဘွားရိပ်သာများနှင့် မွတ်စလင်ဘိုးဘွားရိပ်သာများသို့လည်း လှူဒါန်းထောက်ပံ့လျက်ရှိသည်။ အလားတူပင် အစ္စလာမ်ဘာသာ၏ အဓိက ဘာသာရေး မဏ္ဍိုင်ကြီးငါးရပ်တွင် အပါအဝင်ဖြစ်သော ဟဂျ်ဘုရားဖူးစေလွှတ်ခြင်းကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စင်စစ် မြန်မာနိုင်ငံတွင် လူမျိုးရေးခွဲခြားမှု၊ အသားအရောင်ခွဲခြားမှု၊ ဘာသာရေးခွဲခြားမှုဟူသော လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများမရှိခဲ့ပါ။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် ဘာသာရေးအရလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရရှိကြသည်။ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဘာသာရေးအရ၊ လူမျိုးရေးအရ၊ အသားအရောင်အရ ခွဲခြားခန့်ထားခြင်း မရှိခဲ့ပေ။ သတ်မှတ်ထားသော အရည်အချင်းနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံသား မှန်သမျှ အလုပ်အကိုင်အခွင့်အလမ်း ရရှိကြသည်။ ထိုက်တန်ရာ တာဝန်အဆင့်ရာထူးကို ခန့်ထားလျက်ရှိသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို နှုတ်ထွက်စကားဖြင့် ပြောနေခြင်းမဟုတ်ဘဲ လက်တွေ့ပြည်သူ့ဘဝ နယ်ပယ်တွင် အမှန်တကယ် ကျင့်သုံးလျက်ရှိသည်။

သို့သော်လည်း မိမိနိုင်ငံအတွင်း၌ အသားအရောင်ခွဲခြားမှု ပြဿနာကိုပင် ဖြေရှင်းနိုင်ခြင်းမရှိသကဲ့သို့ နိုင်ငံငယ်များ၏ အခြေခံလူ့အခွင့်အရေးဖြစ်သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့ကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် ဝင်ရောက်စွက်ဖက်ကျူးကျော်လျက်ရှိသည့် အမေရိကန်နိုင်ငံအစိုးရနှင့် အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံအား ဘာသာရေးလွတ်လပ်ခွင့် မရှိဟူ၍ စွပ်စွဲပုတ်ခတ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်လျက်ရှိသည်။ မြန်မာနိုင်ငံအား ဩဇာခံ အခြွေအရံ ကိုလိုနီနိုင်ငံအဖြစ် သိမ်းသွင်းနိုင်ရန်အတွက် ပြည်တွင်းပြည်ပ အမျိုးသားသစ္စာဖောက်များ၊ အဖျက်သမားများကို မွေးမြူလေ့ကျင့်ထောက်ပံ့ပေးကမ်းခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ဟန့်တား နှောင့်ယှက် ကန့်ကွက် ပိတ်ဆို့ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပကတိ အရှိတရားများဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ထွန်းတိုးတက်မှုတို့ကို မျက်ကွယ်ပြု လျစ်လျူရှုပြီး အပြုသဘောဖြင့် ဝေဖန်အကြံပြုခြင်း မရှိဘဲ အဆိုးမြင်ဝါဒဖြင့် ပုတ်ခတ်စွပ်စွဲလျက်ရှိသည်မှာ နိုင်ငံကြီးတစ်နိုင်ငံ၏ သိက္ခာကျင့်ဝတ်နှင့် ညီညွတ်ခြင်းမရှိပေ။ မည်မျှရှက်ဖွယ်ကောင်းပါသနည်း။

အမေရိကန်အစိုးရသည် ကိုလိုနီနယ်ချဲ့တို့၏ အကျင့်စရိုက် အစဉ်အလာကို ဆက်ခံထိန်းသိမ်းနေခြင်းပင်ဖြစ်သည်။ အကြောင်းမူ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် မြန်မာတစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်နေသော ၁၉၃၈ခုနှစ်၊ ၁၃၀၀ပြည့် အရေးတော်ပုံကြီးဖြစ်လာချိန်တွင် ဗြိတိသျှနယ်ချဲ့အစိုးရသည် မြန်မာတို့၏ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကို ပြိုကွဲစေရန် လုပ်ကြံဖန်တီးခဲ့သည်။ ဗုဒ္ဓဘာသာကို ထိပါးရေးသားခဲ့သော စာစောင်များနှင့် ပတ်သက်သည့် ပြဿနာအား ဗြိတိသျှနယ်ချဲ့အစိုးရက အချိန်မီကြိုတင်ထိန်းသိမ်းတားဆီးခြင်းမပြုဘဲ ပိုမိုကျယ်ပြန့်လာစေရန် သွေးထိုးလှုံ့ဆော်ခဲ့သည်။

ယင်းသွေးထိုး လှုံ့ဆော်မှုကြောင့် ၁၉၃၈ ခုနှ
တွင် လူမျိုးရေးအဓိကရုဏ်း ဖြစ်ပွားခဲ့သည်။ ဗြိ
ကောက်ကျစ်စဉ်းလဲသော နိုင်ငံရေးပရိယာယ်
ကြောင့် နိုင်ငံသူ နိုင်ငံသားအချင်းချင်း အပြ
လေးစားမှုလျော့နည်းပျက်ပြားလာခဲ့ရသည်။
မှုကို ထိခိုက်စေခဲ့သည်။ ထို့ကြောင့်ပင် ထိုစဉ်က
အစိုးရ၏ လွတ်လပ်ရေးတိုက်ပွဲ ဖြိုခွဲမှုဖြစ်သည့်
ဖန်တီးမှု ပြဿနာကို ပို၍ ကြီးထွားမလာ
မျိုးချစ်နိုင်ငံရေးခေါင်းဆောင်များက သတိပေး
နိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ချိန်တွ
အရှိန်အဟုန် ပျက်ပြားစေရန် ဗြိတိသျှနယ်ချဲ့
ခဲ့သည့် အဓိကရုဏ်းပြဿနာထဲတွင် မြန်မာပြ
လမ်းမမှားစေရေးကို ဝိုင်းဝန်းကာကွယ်ခဲ့ကြ

**ယနေ့ မျက်မှောက်ကာလတွင်လည်း
အပေါင်းပါ အင်အားကြီးနိုင်ငံအချို့သည် မြန်
ဖြစ်ပေါ်ရေးလမ်းကြောင်းပေါ်တွင် အခိုင်အမာ
ကြိုးပမ်းအကောင်အထည်ဖော်နေကြသည့်
အချင်းချင်း သံသယပွားလျက် ယုံကြည်မှု ပ
မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်မ
ဘာသာရေးအရ ခွဲခြားဆက်ဆံပြီး ဖိနှိပ်ချုပ်
နေသည်ဟူ၍လည်းကောင်း အခြေအမြစ်မဲ့သေ
ဖန်တီးထားသော ပုတ်ခတ်စွပ်စွဲမှုများကို ဒ
များနှင့် မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်လ**

ယင်းအခြေအမြစ်မဲ့ သတင်းများ၊ လု
ပုတ်ခတ် စွပ်စွဲမှုများနှင့်အတူ ဒေသအချို့
ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခဆူပူမှုများ ဖြစ်
အဖျက်သမားများကို အသုံးချပြီး လှုံ့ဆော်
သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းမျာ
ခေါင်းဆောင်များက ပူးပေါင်းညှိနှိုင်း ဖြေရှ
အချိန်မီ ထိန်းသိမ်းဖြေရှင်းခဲ့ကြရသည်။

ပြ

တစ်မျိုးသား

အဖျက်သမားများက

မခိုင်မာသော အခြေအ

တိုင်းရင်းသားပြည်သူမျ

နိုင်ငံတည်ငြိမ်အေးချမ်

တိုင်းရင်းသားပြည်သူမျ

...ာက်ကျစ်စဉ်းလဲမှု

ကျော်စိုး (မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်)

ယင်းသွေးထိုး လှုံ့ဆော်မှုကြောင့် ၁၉၃၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်တွင် လူမျိုးရေးအဓိကရုဏ်း ဖြစ်ပွားခဲ့သည်။ ဗြိတိသျှနယ်ချဲ့အစိုးရ၏ ကောက်ကျစ်စဉ်းလဲသော နိုင်ငံရေးပရိယာယ် ထောင်ချောက်ဆင်မှုကြောင့် နိုင်ငံသူ နိုင်ငံသားအချင်းချင်း အပြန်အလှန် နားလည်မှု၊ လေးစားမှုလျော့နည်းပျက်ပြားလာခဲ့ရသည်။ ချစ်ခင်ရင်းနှီး သွေးစည်းမှုကို ထိခိုက်စေခဲ့သည်။ ထို့ကြောင့်ပင် ထိုစဉ်ကာလက ဗြိတိသျှနယ်ချဲ့အစိုးရ၏ လွတ်လပ်ရေးတိုက်ပွဲ ဖြိုခွဲမှုဖြစ်သည့် လူမျိုးရေးအဓိကရုဏ်းဖန်တီးမှု ပြဿနာကို ပို၍ ကြီးထွားမလာစေရန် တိုးတက်သောမျိုးချစ်နိုင်ငံရေးခေါင်းဆောင်များက သတိပေးထိန်းသိမ်းခဲ့ကြရသည်။ နိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ချိန်တွင် လွတ်လပ်ရေးတိုက်ပွဲ အရှိန်အဟုန် ပျက်ပြားစေရန် ဗြိတိသျှနယ်ချဲ့အစိုး၏ လုပ်ကြံဖန်တီးခဲ့သည့် အဓိကရုဏ်းပြဿနာထဲတွင် မြန်မာပြည်သူများ မျက်စိမလည် လမ်းမမှားစေရေးကို ဝိုင်းဝန်းကာကွယ်ခဲ့ကြရသည်။

ယနေ့ မျက်မှောက်ကာလတွင်လည်း အမေရိကန်အစိုးရနှင့် အပေါင်းပါ အင်အားကြီးနိုင်ငံအချို့သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်ရေးလမ်းကြောင်းပေါ်တွင် အခိုင်အမာညီညွတ်စွာ ရပ်တည်ပြီး ကြိုးပမ်းအကောင်အထည်ဖော်နေကြသည့် ပြည်သူလူထုအတွင်း အချင်းချင်း သံသယပွားလျက် ယုံကြည်မှု ပျက်ပြားစေရန်အတွက် မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်မရှိဟူ၍ လည်းကောင်း၊ ဘာသာရေးအရ ခွဲခြားဆက်ဆံပြီး ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းနှိပ်စက်နေသည်ဟူ၍လည်းကောင်း အခြေအမြစ်မဲ့သောသတင်းများ၊ လုပ်ကြံဖန်တီးထားသော ပုတ်ခတ်စွပ်စွဲမှုများကို သြဇာခံ အသံလွှင့်ဌာနများနှင့် မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်လျက်ရှိသည်။

ယင်းအခြေအမြစ်မဲ့ သတင်းများ၊ လုပ်ကြံဖန်တီးထားသော ပုတ်ခတ် စွပ်စွဲမှုများနှင့်အတူ ဒေသအချို့၌ မလိုလားအပ်သော ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခဆူပူမှုများ ဖြစ်လာစေရန် ပြည်တွင်းရှိ အဖျက်သမားများကို အသုံးချပြီး လှုံ့ဆော် လုပ်ကြံစေခဲ့ကြသည်။ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဘာသာရေးဆိုင်ရာခေါင်းဆောင်များက ပူးပေါင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် အချိန်မီ ထိန်းသိမ်းဖြေရှင်းခဲ့ကြရသည်။

ဤသို့ဖြင့် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံတွင် ယင်း၏ အလိုကျ ခြယ်လှယ်လွှမ်းမိုးချုပ်ကိုင်နိုင်မည့် ရုပ်သေးအစိုးရထူထောင်ရေးနှင့်အတူ မြန်မာနိုင်ငံအား လက်ဝေခံသြဇာခံ ကိုလိုနီလက်သစ်နိုင်ငံဖြစ်ရေးအတွက် ဘာသာရေးသွေးထိုးလှုံ့ဆော်မှုကို နည်းလမ်းတစ်ရပ်အဖြစ် ကောက်ကျစ်စွာ အသုံးချလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ကျော်သည် ကိုးကွယ်ရာဘာသာအသီးသီး ကွဲပြားခြားနားနေကြစေကာမူ နိုင်ငံတော်အစိုးရက ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ညှဉ်းပန်းခြင်း အလျှင်းမရှိဘဲ **"ခွင့်တူညီမျှလွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိနေကြသည်"**မှာ ပကတိအရှိတရားများပင်ဖြစ်သည်။ ထိုအခြေအနေကို ပြည်တွင်းတွင် နေထိုင်နေကြသည့် ကျွန်တော်တို့အသိဆုံးဖြစ်သည်။

ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာတို့တွင် တူညီသောအခြေခံတရားတစ်ရပ် ရှိပါသည်။ ယင်းမှာ **"မိမိနေထိုင်ရာ အိုးအိမ်ခြံမြေ ရပ်ကွက်နယ်ပယ်၊ နိုင်ငံ၏အကျိုးစီးပွားကိုမဖျက်ဆီးရ၊ ကာကွယ် စောင့်ရှောက်ကြရမည် ဖြစ်သည်"** ဟူသော ကျင့်ဝတ်ပင်ဖြစ်သည်။ ယင်းကျင့်ဝတ် ဖောက်ဖျက်မှုကို မည်သည့်ဘာသာတရားကမျှ လက်ခံခြင်းမပြုကြပေ။

ထို့ကြောင့်ပင် **မျက်မှောက် မြန်မာနိုင်ငံသမိုင်းခေတ်၏ အကျိုးစီးပွားကို ဖော်ဆောင်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘာသာမရွေး၊ လူမျိုးမရွေး ညီညွတ်စည်းလုံးစွာ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းရင်းသားအားလုံးသည် ကိုးကွယ်ရာဘာသာတရားမတူ ကွဲပြားခြားနားစေကာမူ နိုင်ငံ၏အကျိုးစီးပွား၊ လူမျိုး၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်ရန် အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရှင်သန်စေရန်တို့ကို အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်အဖြစ် အလေးအနက် ခံယူကြပြီး ညီညွတ်စည်းလုံးစွာ ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိနေကြသည်။**

သို့သော်လည်း တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး၏ အကျိုးစီးပွားပျက်စီးရာပျက်စီးကြောင်းကို အမေရိကန်အစိုးရနှင့် ပြည်တွင်းပြည်ပအဖျက်သမားများက လက်ဝါးချင်းရိုက်ပြီး၊ အတိုင်အဖောက် လုပ်ပြီး မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့် မရှိဟူ၍ မရေရာ မခိုင်မာသော အခြေအမြစ်မဲ့ လုပ်ကြံသတင်းများဖြင့် ပုတ်ခတ်စွပ်စွဲလျက်ရှိသည်။ ယင်းလုပ်ကြံပုတ်ခတ်စွပ်စွဲချက်၏ ပစ်မှတ်မှာ တိုင်းရင်းသားပြည်သူများအချင်းချင်း ဘာသာရေးအရ အထင်လွဲမှား သံသယပွားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားစေရန်နှင့် နိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိစေရန် ရည်ရွယ်ချက်ရှိရှိ ကောက်ကျစ်စဉ်းလဲစွာ လှုံ့ဆော်စည်းရုံးနေခြင်းပင်ဖြစ်သည်။ ဤသည်ကို တိုင်းရင်းသားပြည်သူများက နားလည်ပြီးဖြစ်သကဲ့သို့ ပြတ်သားရဲရင့်စွာ ဆန့်ကျင်ကန့်ကွက် ပယ်ချခဲ့ပြီးဖြစ်သည်။

အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်

မျက်မှောက် မြန်မာနိုင်ငံသမိုင်းခေတ်၏ အကျိုးစီးပွားကိုဖော်ဆောင်သော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘာသာမရွေး၊ လူမျိုးမရွေး ညီညွတ်စည်းလုံးစွာ ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းရင်းသားအားလုံးသည် ကိုးကွယ်ရာ ဘာသာတရား မတူကွဲပြားခြားနားစေကာမူ နိုင်ငံ၏ အကျိုးစီးပွား၊ လူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန် အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရှင်သန်စေရန်တို့ကို အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်အဖြစ် အလေးအနက်ခံယူကြပြီး ညီညွတ်စည်းလုံးစွာ ကြိုးပမ်း အကောင်အထည်ဖော်လျက် ရှိနေကြသည်။

မြန်မာတိုင်းရင်းသားပြည်သူတို့သည် မိမိတို့ကိုးကွယ်ရာ ဘာသာတရားကို လွတ်လပ် အေးချမ်းစွာ ကိုးကွယ်ခွင့်ရှိနေသည်မှာ ပကတိ အရှိတရားဖြစ်နေခြင်းဖြင့် ယုတ္တိမတန်၊ လုပ်ကြံပုတ်ခတ်စွပ်စွဲမှုများကို ဆန့်ကျင်ကန့်ကွက် ကြမည်သာဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မိမိတို့ ကိုးကွယ်ရာဘာသာတရားအား **"ခွင့်တူညီမျှ လွတ်လပ်စွာကိုးကွယ်ခွင့် ရှိနေသည်"**မှာ မြန်မာတိုင်းရင်းသားဘာသာဝင်အသီးသီးတို့၏ အပြည့်အဝ ရရှိပြီးသော လူ့အခွင့်အရေးပင်ဖြစ်ကြောင်း ပြောလိုက်ချင်ပါသည်။ ။

ပြတ်သားရဲရင့်စွာ ဆန့်ကျင်ကန့်ကွက် ပယ်ချခဲ့ပြီးဖြစ်

တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး၏အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းကို အမေရိကန်အစိုးရနှင့် ပြည်တွင်း ပြည်ပအဖျက်သမားများက လက်ဝါးချင်းရိုက်ပြီး၊ အတိုင်အဖောက်လုပ်ပြီး မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့် မရှိဟူ၍ မရေရာ မခိုင်မာသော အခြေအမြစ်မဲ့ လုပ်ကြံသတင်းများဖြင့် ပုတ်ခတ်စွပ်စွဲလျက်ရှိသည်။ ယင်းလုပ်ကြံပုတ်ခတ်စွပ်စွဲချက်၏ ပစ်မှတ်မှာ တိုင်းရင်းသားပြည်သူများအချင်းချင်း ဘာသာရေးအရအထင်လွဲမှား သံသယပွားပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားစေရန်နှင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိစေရန် ရည်ရွယ်ချက်ရှိရှိ ကောက်ကျစ်စဉ်းလဲစွာ လှုံ့ဆော်စည်းရုံးနေခြင်းပင် ဖြစ်သည်။ ဤသည်ကို တိုင်းရင်းသားပြည်သူများက နားလည်ပြီးဖြစ်သကဲ့သို့ ပြတ်သားရဲရင့်စွာ ဆန့်ကျင်ကန့်ကွက် ပယ်ချခဲ့ပြီးဖြစ်သည်။

အာဖရိကတိုက်တွင် အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး စက်မှုရှစ်နိုင်ငံက ဒေါ်လာဘီလီယံ ၆၀ ထောက်ပံ့မည်

ဟေလီဂျင်ဒမ် ဇွန် ၁၁

ဂျာမနီနိုင်ငံ ဘောလ်တစ်ကမ်းခြေ အပန်းဖြေစခန်း ဟေလီဂျင်ဒမ်၌ ကျင်းပသည့် ကမ္ဘာ့စက်မှုရှစ်နိုင်ငံ(ဂျီ-၈) ထိပ်သီးအစည်းအဝေးက အာဖရိကတိုက်အား ကူညီထောက်ပံ့မည်ဟူသော ကတိအတိုင်း ကူညီရန် ဆုံးဖြတ်လိုက်ပြီး အေအိုင်ဒီအက်စ်၊ ငှက်ဖျားနှင့် အဆုတ်ရောဂါ တိုက်ဖျက်ရေးအတွက် အာဖရိကတိုက်သို့ ဒေါ်လာ ဘီလီယံ ၆၀ ထောက်ပံ့ရန် သဘောတူညီလိုက်သည်။

(ဂျီ-၈) ထိပ်သီးအစည်းအဝေး နောက်ဆုံးရက်တွင် ယခုဆယ်စုနှစ်ကုန် ၂၀၁၀ပြည့်နှစ်၌ အာဖရိကတိုက်သို့ နှစ်ဆတိုးကူညီထောက်ပံ့ပါမည်ဟူသော ၂၀၀၅ခုနှစ်က စကော့တလန်ပြည်နယ် ဂလင်းအီးဂဲလ် ထိပ်သီးအစည်းအဝေး၏ အာမခံချက်ကိုပင် စက်မှုရှစ်နိုင်ငံ ခေါင်းဆောင်များက ထပ်မံကတိပြုလိုက်ခြင်း ဖြစ်သည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇွန် ၁၁

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်၌ ဇွန် ၈ ရက်က လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ ရဲအရာရှိနှစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ သတင်းတစ်ရပ်၌ ဖော်ပြသည်။

ဗုံးပေါက်ကွဲ

၎င်းတို့မှာ ဘနီဆာလက်မြို့မှ ရဲအရာရှိတစ်ဦးနှင့် ဒီယာလာပြည်နယ်ရဲကွန်မန်ဒိုတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးတို့ ဖြစ်သည်။ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၂၀အကွာ၌ ၎င်းတို့ မော်တော်ယာဉ်အနီး ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဒီယာလာပြည်နယ်မှလာသော သတင်းတစ်ရပ်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၀၀၃ ခုနှစ်မှစ၍ အီရတ်သို့ အမေရိကန် ဦးဆောင်သည့် အပေါင်းပါများ စတင်ဝင်ရောက် ကျူးကျော်ကတည်းက ဒီယာလာပြည်နယ်သည် အကြမ်းဖက်တိုက်ခိုက်မှု အများဆုံးဖြစ်ပေါ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်တွင် ယာဉ်တိုက်မှုဖြစ်ပွား

ကဘူးလ် ဇွန် ၁၁

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇ်နီပြည်နယ်တွင် အရပ်သား ကားတစ်စီးနှင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့၏ကားတစ်စီးတိုက်မိရာ အရပ်သား လေးဦးသေဆုံးသွားကြောင်း အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့က ဇွန် ၉ရက်တွင် သတင်းထုတ်ပြန်သည်။

ဝင်တိုက်မိ

အဆိုပါဖြစ်ပွားမှုမှာ ဇွန် ၈ ရက် ညနေပိုင်းတွင် ခရီးသည် ၁၁ ဦး လိုက်ပါလာသော ခရီးသည်တင်ကားသည် အရှိန်ပြင်းစွာမောင်းနှင်လာပြီး ရှေ့မှအမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့၏ ထရပ်ကားအား ဝင်တိုက်မိခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ပါရှိသည်။

ခရီးသည်တင်ကားပေါ်ပါ ခုနစ်ဦး၊ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်နှစ်ဦးတို့မှာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၇၅ ကီလိုမီတာအကွာရှိ အဘူအဂျီးလ် ကျေးရွာတွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ မြောက်ပိုင်း ရှန်စီပြည်နယ်တွင် တည်ဆောက်လျက်ရှိသည့် ကျောက်မီးသွေး စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ၏ တည်ဆောက်ရေးလုပ်ငန်းခွင်တစ်နေရာကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။

(အဆိုပါ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် စက်စတင် လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဆူနာမီ ကြိုတင်သတိပေးမှုကိရိယာ ၉၀ ၂၀၀၇ ခုနှစ်ကုန်၌ အင်ဒိုနီးရှားတွင် အပြီးတပ်ဆင်မည်

ဂျကာတာ ဇွန် ၁၁

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် ၂၀၀၇ ခုနှစ်ကုန်၌ ဆူနာမီကြိုတင်သတိပေးမှုကိရိယာ ၉၀ ကို အပြီးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနမှ ဇွန် ၉ ရက်၌ သတင်းထုတ်ပြန်သည်။

မိမိတို့အနေဖြင့် လောလောဆယ်၌ ဆူနာမီကြိုတင်သတိပေးမှုကိရိယာ ၇၀ကျော်ကို တပ်ဆင်ပေးမည်ဟု အဆိုပါဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

သတင်းထုတ်ပြန်

ထို့အပြင် ၂၀၀၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ အမေရိကန် ဒေါ်လာ သန်း ၁၀၀ ခန့် ကုန်ကျမည့် ဆူနာမီကြိုတင်သတိပေးမှုကိရိယာ ၁၆၀ကို အပြီး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ အရာရှိတစ်ဦးဖြစ်သူ မာကာဆာက ပြောကြားသည်ဟု အင်တာရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆက်လက်ပြောကြား

ထို့အပြင် ဆူမတြားပြည်နယ်နှင့် ဂျာဗားကျွန်းတောင်ပိုင်းကမ်းရိုးတန်းဒေသများတွင်လည်း ဆူနာမီကြိုတင်သတိပေးမှုကိရိယာများ တပ်ဆင်ပေးလျက်ရှိသည်ဟု မာကာဆာက ဆက်လက်ပြောကြားသည်။

တပ်ဆင်ပေးထား

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံပါလမ်ဘန်း၊ ဆူရာဘာယာ၊ မီဒန်၊ ဂျကာတာကဲ့သို့သော မြို့များတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြိုတင်သတိပေးနိုင်သည့် ရာသီဥတုဆိုင်ရာ ရေဒါခုနစ်ခုကိုလည်း တပ်ဆင်ပေးထားကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျပန်၌ အသက် ၆၅ နှစ်နှင့်အထက် လူဦးရေ ၂၀၅၅ ခုနှစ်တွင် လက်ရှိထက် နှစ်ဆတိုးမြင့်လာမည်

တိုကျို ဇွန် ၁၁

ဂျပန်နိုင်ငံတွင် အသက်အရွယ်ကြီးရင့်လာသူ အရေအတွက် လျင်မြန်စွာတိုးမြင့်လာလျက်ရှိရာ ယခုရာစုနှစ်ထက်ဝက်ခန့်တွင် အသက် ၆၅ နှစ်အရွယ် လူဦးရေသည် ၄၀ ရာခိုင်နှုန်းအထိ ရောက်ရှိမည်ဖြစ်ကြောင်း၊ ၎င်းအရေအတွက်မှာ ဂျပန်နိုင်ငံရှိ လက်ရှိအသက်အရွယ်ကြီးရင့်သူ လူဦးရေ၏ နှစ်ဆဖြစ်ကြောင်း ဂျပန်အစိုးရက ဇွန် ၈ ရက်၌ သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အသက်အရွယ်ကြီးရင့်သူ ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်နေရာ ၂၀၀၅ ခုနှစ် စာရင်းအရ ဂျပန်နိုင်ငံသား ငါးဦးလျှင် တစ်ဦးမှာ အသက် ၆၅ နှစ်အရွယ်နှင့် ၆၅ နှစ်ကျော် အရွယ်ရှိနေကြောင်း သိရသည်။

တိုးမြင့်သွား

ထို့ကြောင့် လက်ရှိကိန်းဂဏန်းများအရ လာမည့် ၂၀၅၅ ခုနှစ်တွင် အသက် ၆၅ နှစ်အရွယ် လူဦးရေမှာ ဂျပန်နိုင်ငံသား ငါးဦးလျှင် နှစ်ဦးအထိ ရှိလာမည်ဖြစ်သည်။လက်ရှိနှုန်းအတိုင်း အသက်အရွယ်ကြီးရင့်သူဦးရေ တိုးမြင့်သွားပါက ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များ၌ အသက် ၆၅ နှစ်အရွယ်ရောက်ရှိလာမည့် လူဦးရေမှာ တစ်သန်းခန့်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ရေလွှမ်းမှုများဖြစ်ပေါ်

အီရန်နိုင်ငံ တောင်ပိုင်း ဟော်မောဇ်ဂန်ပြည်နယ်တွင် အပူပိုင်းဆိုင်ကလုန်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်နေသည်ကို ဝေဟင်မှ ဇွန် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်၌ မုန်တိုင်းတိုက်ခတ်၊ ၂၃ ဦး သေဆုံး

တီဟီရန် ဇွန် ၁၁

အီရန်နိုင်ငံတောင်ပိုင်းအတွင်း ဂိုနုအမည်ရှိ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် ၂၃ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီဟာသတင်းအေဂျင်စီက ဇွန် ၉ ရက်တွင် သတင်းဖော်ပြသည်။

သေဆုံး

နောက်ဆုံးသတင်းအရ ၁၂ဦး သည် ဟော်မောဇ်ဂန်နှင့် ဘာလုခရစ္စတန် ပြည်နယ်များ၌ ရေကြီးမှုကြောင့် သေဆုံးခဲ့ကြောင်း အီရန်အရေးပေါ် ကယ်ဆယ်ရေးဌာန အကြီးအကဲ ဖာဇက်ပါနာဟီ၏ ပြောကြားချက်ကို ၎င်းသတင်းအေဂျင်စီက ကိုးကားဖော်ပြသည်။

အဆိုပါ ပြည်နယ်ရှိ ဂျပ်စ်မြို့ဆိပ်ကမ်းတောင်ပိုင်း၌ နေအိမ်များပျက်စီးသွားမှုမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းမုန်တိုင်းသည် ယခုသီတင်းပတ်အစောပိုင်းက ပင်လယ်ကွေ့ဒေသသို့ ဝင်ရောက်ခဲ့ရာ အိုမန်နိုင်ငံ၌ ၄၉ ဦးသေဆုံးပြီး ၂၇ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေမြို့၌ ခြံစည်းရိုးကြက်ဆူစိုက်ခင်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန်စရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက စစ်တွေလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်နံနက်ရနာရီ၄၅မိနစ်တွင် စစ်တွေမြို့ရှိ စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိ အရာခံ အကြပ် စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များကို တာဝန်ရှိသူအဆင့်ဆင့်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို မိသားစုတိုင်း ဆောင်ရွက်ရေးတို့ကို မှာကြားပြီး တပ်နယ်မိသားစုများ အတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကာ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စစ်တွေတပ်နယ်ရှိ ခြံစည်းရိုးကြက်ဆူ စိုက်ခင်း အမှတ်(၁) ရှိ ခြံစည်းရိုးကြက်ဆူ ဧက၃၀အပင် ၃၆၀၀၀ ပျိုးခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုး ကြက်ဆူပျိုးပင်များကို အမြန်ဆုံးစိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးရန် မှာကြားသည်။

အစီအမံများချမှတ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပျိုးခြံအတွင်း၌ ပျိုးထောင်ထားရှိသော ရော်ဘာပျိုးပင် ၄၀၀၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ရော်ဘာပျိုးပင်များကို ယခုဇွန်လ မကုန်မီ အပြီးစိုက်ပျိုးရန်နှင့် ပိုးမွှားရောဂါကာကွယ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ၂၀၀၆ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့ပြီး အောင်မြင်ဖြစ်ထွန်းနေသည့် စစ်တွေတပ်နယ်၏ ခြံစည်းရိုးကြက်ဆူ စိုက်ခင်း အမှတ်(၅)ရှိ ငါးဧက စိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူစိုက်ခင်း အမှတ်(၂) ရှိ သုံးဧကစိုက်ခင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး အပင်များအား ရေဝပ်ပြီး ပျက်စီးမှုမရှိရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ခြံစည်းရိုးကြက်ဆူ စိုက်ခင်းအမှတ်(၃) လေးဧကစိုက်ခင်း၊ စိုက်ခင်းအမှတ်(၄) ခြောက်ဧက စိုက်ခင်းနှင့် စိုက်ခင်းအမှတ်(၆) ၁၀ဒသမ၈ ဧက စိုက်ခင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ခြံစည်းရိုးကြက်ဆူကို တပ်ရင်း တပ်ဖွဲ့အလိုက် သတ်မှတ်ပေးထားသည့်အတိုင်း အပြည့်အဝစိုက်ပျိုးကြရေး၊ ပျက်စီးသွားသော အပင်များကို အစားထိုးပြန်လည်စိုက်ပျိုးရေး၊ သတ်မှတ်ချက်ထက် ကျော်လွန်အောင်တိုးချဲ့ စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း လေဘေးသင့် ကျေးတော ကျေးရွာ အိမ်ထောင်စုများအတွက် အဝတ်အထည်နှင့် ထောက်ပံ့ရေးပစ္စည်း များကို ပေးအပ်စဉ်။ (သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စစ်တွေမြို့ရှိ စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် လေဘေးသင့်မြို့နယ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ၂၀၀၇ ခုနှစ် မေ ၁၄ ရက်က Akash အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ မုန်တိုင်းကြိုတင် သတိပေးချက်အရ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုနည်းပါးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်မှု အခြေအနေ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကစေတနာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လေဘေးကြုံတွေ့ရသူ ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီ ထောက်ပံ့ပေးနိုင်မှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးရဲနိုင်အောင်က ပြည်နယ်အတွင်း လေဘေးသင့် မြို့နယ်များ၏ ထိခိုက် ပျက်စီးမှုအခြေအနေ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုထွန်းက ပြည်နယ်အတွင်း ကလေးငယ်များအား ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဝန်ကြီးဌာန အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ကြိုတင်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ခေတ်မီတိုးတက်လာသော နည်းပညာများကြောင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မုန်တိုင်းကျရောက်နိုင်မှု၊ ကြိုတင်အသိပေးကြေညာနိုင်မှု၊ ရုပ်မြင်သံကြားသတင်းစာနှင့်ရေဒီယိုတို့မှ ကြိုတင်၍ အသိပေး ကြေညာပေးနိုင်မှု၊ တိုင်းစစ်ဌာနချုပ်နှင့် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ကြိုတင်သတိပေးထားရှိမှုနှင့်လိုအပ်သော အစီအမံများကို ကြိုတင်ဆောင်ရွက်ထားရှိမှု ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှု နည်းပါးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

လေဘေးသင့် ပြည်သူများအား အချိန်မီ ပံ့ပိုးကူညီ ထောက်ပံ့နိုင်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို တိုင်းစစ်ဌာနချုပ်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့က အချိန်တိုအတွင်း ပြန်လည်ပြုပြင်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လေဘေးကြုံခဲ့ရသော ပြည်သူများ၏ လူနေအိမ်များကိုလည်း ဝိုင်းဝန်းကူညီ ထောက်ပံ့မှုဖြင့် အများစုကို ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများကလည်း လေဘေးကြုံရသူ ပြည်သူများအတွက် လိုအပ်သော အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို အချိန်မီ ဝိုင်းဝန်းကူညီ ထောက်ပံ့လှူဒါန်းသွားခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

မိုးလေဝသသတင်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူများသိရှိ၍ ကြိုတင်စီမံဆောင်ရွက်နိုင်အောင် ဆက်သွယ်ရေးနည်းလမ်းအမျိုးမျိုးဖြင့် ဆက်သွယ်အသိပေး အကြောင်းကြားကြရန်နှင့် သက်ဆိုင်ရာ ဒေသနေ ပြည်သူများကလည်း အသိပေးနှိုးဆော်ချက်များကို အလေးထား လိုက်နာ ဆောင်ရွက်သွားကြရန်ဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထိခိုက်ပျက်စီး

ရခိုင်ပြည်နယ်တွင် ၂၀၀၇ခုနှစ် မေ၁၄ရက်တွင် တိုက်ခတ်ခဲ့သော Akash အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ ကြိုတင်အသိပေး လှုံ့ဆော်ထားရှိမှုကြောင့် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊ ကျောက်ဖြူနှင့် မြေပုံမြို့နယ်တို့တွင် ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့သည်။ သို့ရာတွင် ထိခိုက်ပျက်စီးမှုများကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အစားထိုး တည်ဆောက်နိုင်ခဲ့ပြီး လေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆက်လက်ထောက်ပံ့ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အမိုးလန်သွားသည့် စာသင်ကျောင်းများကိုလည်း ပညာသင်မပျက်ဆောင်ရွက်နိုင်ရန် သွပ်အချပ် ၁၀၀၀၀ ကျော်ကို အချိန်မီပေးပို့ ပြုပြင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့နယ် ကျေးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျေးတောကျေးရွာမှ လေဘေးသင့်ပြည်သူများအားထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ စစ်တွေမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွတ်က လေဘေးသင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေး လုပ်ငန်းများ၊ ထောက်ပံ့ရေးပစ္စည်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လေဘေးသင့် အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေး စကားပြောကြားပြီး လေဘေးသင့် ကျေးတောကျေးရွာ အိမ်ထောင်စုများ အတွက် အဝတ်အထည်နှင့် ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာကိုယ်စားလှယ်အား ပေးအပ်သည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ထောက်ပံ့ရေးပစ္စည်းများနှင့် ခုနစ်ရက်စာ ဆန်ဖိုးငွေများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့် မိသားစုများအတွက် ဆေးနှင့်ဆေးဝါးပစ္စည်းများကို လည်းကောင်း ကျေးတောရွာနှင့် ကျေးတော ပိုက်ဆိပ်ရွာတို့မှ ကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ထောက်ပံ့ပေးအပ်သော အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယခုကျင်းပသော ကျေးတောကျေးရွာမှ လေဘေးသင့် မိသားစုများအား ထောက်ပံ့လှူဒါန်းမှုမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၁၃၀၇၇၅၄ တန်ဖိုးရှိ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း ၁၁မျိုးပါ ထောက်ပံ့ပစ္စည်းများနှင့် ခုနစ်ရက်စာ ဆန်ဖိုးငွေ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ငွေကျပ် ၂၀၀၀၀၀၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်း ၂၅ မျိုးပါ ဆေးပုံးများဖြစ်ပြီး စုစုပေါင်းငွေနှင့် ပစ္စည်း တန်ဖိုးမှာ ကျပ် ၃၃၀၇၇၅၄ ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးအား တရုတ်နိုင်ငံလုံးဆိုင်ရာအမျိုးသမီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တရုတ်နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်းဥက္ကဋ္ဌ မဒမ်ဂူရှူလျမ်ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

တွေ့ဆုံရာသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော် မဒမ်ဂူရှူလျမ်တို့သည် မြန်မာ–တရုတ်နှစ်နိုင်ငံဆိုင်ရာ အမျိုးသမီးရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အပြန်အလှန်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ဧည့်သည်တော် မဒမ်ဂူရှူလျမ်သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အမှတ်တရ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြကာ ခန်းမအတွင်း ပြသထားသော အဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

ဇွန် ၁၁ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail M. Mgeladze နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2007

မြန်မာ့ရုပ်မြင်သံကြား

၁၂–၆–၂၀၀၇ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်း သာသနာပြုဆရာတော်ဦးဥတ္တမ သာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ကဗျာပန်းဥယျာဉ်
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၅	၈။	လုပ်ခဲ့ညား ဖျာပုံတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားစီမံအထူးပြု) [စီးပွားရေးပညာ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅	၆။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇း၂၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၅၀	၁၁။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၁၉း၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာရွှေအိပ်မက်** (အပိုင်း–၇)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း–၁၈)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ချောက်မြို့နယ်၌ ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက် သစ်ပင်စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၁၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်းရှိ သစ်တောဦးစီးဌာန ၂၀၀၇–၂၀၀၈ခုနှစ် ကျွန်းအထူးစိုက်ခင်းဧက ၁၀၀၀ သို့ရောက်ရှိပြီး စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်း ၂၀၀၄–၂၀၀၅ ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၄၀၀ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းနိုင်က စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စိုက်ခင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သစ်မျိုးစုံ(ယင်းမာ)စိုက်ခင်းဧက ၅၀သို့ ရောက်ရှိရာသစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ညနေပိုင်းတွင် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပန်းတောင်းမြို့နယ် အမှတ်(၂၃)သစ်စက်၊ ကြံခင်းမြို့နယ် အမှတ်(၁၀၅)သစ်စက်နှင့်အမှတ်(၁၁၆) သစ်စက်များသို့ ရောက်ရှိပြီး သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ ခွဲစိတ်ပြီးသစ်ခွဲသားများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဇွန်၇ရက်ညနေပိုင်းတွင် ဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် ကိုးပင်–သစ်ရာ ကောက်လမ်းမကြီး ဘေးရှိ အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ၂၀၀၇–၂၀၀၈ခုနှစ် အခြားစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ဇွန် ၈ရက် နံနက်ပိုင်းတွင် ဝန်ကြီးသည် မကွေးမြို့ အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဒေါင်းနေတိုးချဲ့ ကာကွယ်တော ၂၀၀၇–၂၀၀၈ခုနှစ် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၂၁၀ စိုက်ပျိုးပြီးစီးမှုများကိုလည်းကောင်း၊ ရေနံချောင်းမြို့နယ် ဖန်ခါး စမ်းပျိုးဥယျာဉ်နှင့် ညောင်တိုအပတောအတွင်းအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ၂၀၀၆–၂၀၀၇ ခုနှစ် ကျေးလက်ဒေသသုံး ထင်းစိုက်ခင်း ဧက၂၀၀ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ၂၀၀၇–၂၀၀၈ခုနှစ် ကျေးလက်ဒေသသုံးထင်းစိုက်ခင်း ဧက၂၂၀စိုက်ပျိုးပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

လိုက်လံနှုတ်ဆက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေး ဧက ၉၀၀ စိုက်ခင်းသို့ ရောက်ရှိပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ ၂၀၀၇ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးနေသူများအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး ဧက ၅၅၀ စိုက်ခင်းအတွင်း တမာပင်များနှင့် ခြံစည်းရိုးကြက်ဆူပင်များ ရောနှောစိုက်ပျိုး အောင်မြင်နေမှု၊ ကျွန်းပင်များ စိုက်ပျိုးထားရှိမှု၊ ကွန်တိုဇန်းဖြင့် အပင်ကြီးများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးပေး

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တုရင်တောင်နှင့် မြကန်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် နေရာသို့လည်းကောင်း၊ ညောင်ဦးမြို့နယ် မြေသင်းတွင်း ကာကွယ်တောအတွင်း JICA အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် အပူပိုင်းဒေသ သစ်တောစိုက်ခင်းသို့လည်းကောင်း ရောက်ရှိရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် JICA စိုက်ခင်းသို့ ရောက်ရှိပြီး အမှတ်တရသစ်ပင်စိုက်ပျိုးပေးသည်။

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဗျတ္တပန်းဆက်လမ်းတစ်လျှောက် ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်း မြို့နယ်များရှိ ကြူပင်ကွေ့ ကာကွယ်တောများအတွင်း လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အမှတ်တရ သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLDပါတီသည် အာဏာရရှိရေးကိုသာ ရှေ့တန်းတင်၊ အမျိုးသားသင့်မြတ်ပေါင်းစည်းရေးနှင့် ဒီမိုကရေစီအင်အားစုများအတွင်း ညီညွတ်ရေးကိုပစ်ပယ်၍ ပါတီကြီးဝါဒကျင့်သုံး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်တည်ရေးကို အလေးမထား အာဏာထူထောင်ရေး တစိုက်မတ်မတ်တောင်းဆိုနေ၊ ခရမ်းမြို့နယ် ပါတီဝင်များနုတ်ထွက်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်း ခရမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော တမံကြီးကျေးရွာနေ ဦးအေးဝင်း၊ အလယ်ကျေးရွာနေ ဦးမောင်လှ၊ ကျုံတူးကျေးရွာနေ ဦးစိန်မြင့်၊ လှဘီလူးကျေးရွာနေ ဦးခင်လတ်၊ ကံဘဲ့ကျေးရွာ နေ ဦးမြင့်အောင်၊ လှဘီလူးကျေးရွာနေ ဦးခင်လှိုင်နှင့် ကင်မွန်းခြံ ကျေးရွာနေ ဦးလှမော်သိန်းတို့ခုနစ်ဦးသည် ဇွန်၉ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ခရမ်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDအား ထောက်ခံမဲပေးခဲ့ကြခြင်းမှာ NLDအနေဖြင့် အမျိုးသားသင့်မြတ်ရေးမှ အမျိုးသားနိုင်ငံရေးလမ်းကြောင်းအပေါ် တည့်မတ်စွာလျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ခဲ့မိခြင်း၊ ၁၉၈၈မှစ၍ သမိုင်းကွက်လပ်ဖြစ်ခဲ့ရသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးတစ်ရပ် ဖြစ်တည်ရေးကို ရှေးရှု၍ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း။

သို့ရာတွင် NLDပါတီသည် အာဏာရရှိရေး တစ်ခုတည်းကိုသာ ရှေ့တန်းတင်လာခြင်း၊ အမျိုးသားသင့်မြတ်ပေါင်းစည်းရေးနှင့် ဒီမိုကရေစီအင်အားစုများအတွင်း ညီညွတ်ရေးကိုပစ်ပယ်၍ ပါတီကြီးဝါဒကျင့်သုံးခြင်း၊ တပ်မတော်အစိုးရအား ရန်သူအဖြစ်ချေမှုန်းရမည့် အင်အားစုအဖြစ် ပြုမူကျင့်သုံးနေခြင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်တည်ရေးကို အလေးမထားဘဲ အာဏာထူထောင်ရေးကိုသာ တစိုက်မတ်မတ် ရပ်တည်တောင်းဆိုနေခြင်းတို့ကြောင့် NLDပါတီအပေါ် ယုံကြည်မှု၊ ထောက်ခံမှု မရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

**အင်တာနက်
ကျန်းမာရေး**

ယောဂကျင့်မှုသည် ခါးနာဝေဒနာအတွက် ထိရောက်သော ကုသမှုဖြစ်

နောက်ကျောနာကျင်မှုနှင့် ခါးနာဝေဒနာခံစားနေရသူများအတွက် ယောဂကျင့်မှုသည် ထိရောက်သောကုသမှုတစ်ရပ်ဖြစ်ပြီး ၎င်းဝေဒနာများကို သက်သာစေနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ယောဂကျင့်စဉ်

နောက်ကျောနာကျင်မှုနှင့် ခါးနာဝေဒနာကို ကြာရှည်စွာ ခံစားနေရသူများအတွက် အဆိုပါ ယောဂကျင့်မှုနည်းလမ်းသည် အကျိုးသက်ရောက်မှုရှိကြောင်း ၎င်းတို့က ပြောကြားသည်။

စနစ်တကျ

ယောဂကျင့်မှုကို စနစ်တကျပြသသည့် ဆရာများနှင့် သီတင်း ၁၂ပတ်ခန့် လေ့ကျင့်ပြုလုပ်နိုင်လျှင် အဆိုပါဝေဒနာများ သိသာစွာသက်သာသွားစေကြောင်း ဗြိတိန်သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

အသက် ၁၈ နှစ်မှ ၆၅ နှစ်အကြား လူပေါင်း ၂၆၀ ကို ၁၈ လကြာ ယောဂကျင့်မှုဖြင့် သုတေသနပြုလုပ်ခဲ့ရာ ၎င်းဝေဒနာများ ပျောက်ကင်းသက်သာကြောင်း တွေ့ရှိရသည်။ ယောဂကျင့်မှုသည် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတစ်ခုဖြစ်ပြီး နောက်ကျောနာကျင်မှုဝေဒနာ သက်သာမှုအတွက် ကုထုံးတစ်ရပ်ပင်ဖြစ်ကြောင်း သုတေသနပညာရှင် ပါမောက္ခတိုဂါါဆင်က ပြောဆိုသည်။

စစ်တကောင်း၌ မြေပြို၊ ၇၁ဦးသေဆုံး

**အင်တာနက်
ဖောင်ပိတ်သတင်း**

ဒါကာ ဇွန် ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ဆိပ်ကမ်း၌ ဇွန် ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုကျခဲ့သဖြင့် အနည်းဆုံး ၇၁ ဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိသွားကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားသည်။

မြေပြို

ထိုသို့ မြေပြိုကျစဉ် အသေအပျောက်များရခြင်းမှာ မြို့စွန်တဲစုရပ်ကွက်တစ်ခုအတွင်း တောင်တစ်လုံးမှ မြေများပြိုဆင်းလာခြင်းကြောင့် ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇွန် ၁၀ရက် နံနက်ပိုင်းမှစပြီး မုတ်သုံမိုးများ အဆက်မပြတ်ရွာသွန်းခဲ့သည်ဟုဆိုသည်။

ပေါ်တူဂီဘောလုံးသမား ဖီဂို၏ အနာဂတ်

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

ရောမ ဇွန် ၁၁

၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီကုန် အပြောင်းအရွှေ့ဈေးကွက်၌ ပရီမီယာလိဂ်အသင်းများ စိတ်ဝင်စားမှုခံနေရသော ဘောလုံးသမားတစ်ဦးမှာ အင်တာမီလန် ကွင်းလယ်ကစားသမား လူးဝစ်ဖီဂိုပင်ဖြစ်သည်။

စိတ်ဝင်စားနေ

လူးဝစ်ဖီဂိုသည် ၁၉၇၂ခုနှစ် နိုဝင်ဘာ၄ရက်၌ မွေးဖွားခဲ့သူဖြစ်၍ အသက် ၃၅နှစ်အရွယ် ရှိနေပြီဖြစ်သော်လည်း ကစားအားကောင်းနေဆဲ ဝါရင့်ဘောလုံးသမားတစ်ဦးဖြစ်ရာ လူးဝစ်ဖီဂိုကို ခေါ်ယူနိုင်ခဲ့ပါက ပြင်ဆင်ချိန်မလိုဘဲ အသုံးတည့်နိုင်သည်ဖြစ်သဖြင့် အသင်းအများအပြားက စိတ်ဝင်စားနေကြခြင်း ဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ်ခဲ့ဖူးသည့် ဖီဂိုသည် တစ်ချိန်ကတစ်ဖက်အသင်းနောက်တန်းကို မွှေနှောက် ခြိမ်းခြောက်နိုင်သူတစ်ဦး ဖြစ်ခဲ့သည်။ လူးဝစ်ဖီဂိုသည် မိခင်ပေါ်တူဂီ အသင်းတွင် နိုင်ငံတကာပွဲပေါင်း ၁၀၀ကျော်ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူကစားပေးခဲ့သူ ဖြစ်သည်။

ဆုံးဖြတ်

ယခုအခါ ဆော်ဒီအာရေဗျကလပ်အသင်းနှင့် ချုပ်ဆိုထားသည့်အသင်းပြောင်းရွှေ့မှုစာချုပ်သည်လည်း ပျက်ပြယ်သွားပြီဖြစ်သဖြင့် ဖီဂိုအနေဖြင့် မည်သည့်အသင်းတွင် ပါဝင်ကစားမည်ကိုသာ ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ရတော့မည် ဖြစ်သည်။

ရွှေ့ဆုံးမှ

ဖီဂိုနှင့် ဆော်ဒီအာရေဗျကလပ်အသင်းနှင့် စာချုပ်ပျက်ပြယ်သွားပြီးနောက် အရှေ့အလယ်ပိုင်းသို့ သွားရောက်ကစားမည့် ၎င်း၏အစီအစဉ်လည်း အကောင်အထည်ပေါ်မလာတော့သည့်အချိန်တွင် ရွှေ့ဆုံးမှ ခေါ်ယူရန်ကြိုးစားလာသည့် အသင်းမှာ ပရီမီယာလိဂ်ကလပ် စပါးအသင်းပင်ဖြစ်သည်။

စပါးကလပ်က ဖီဂိုအနေဖြင့်မိမိတို့အသင်းကိုပြောင်းရွှေ့ကစားလျှင် လစာအမြင့်ဆုံးပေးမည်ဟု ဆိုထားသည်။ ထို့အပြင် အင်တာမီလန်အသင်းကိုလည်း ပြောင်းရွှေ့ကြေးညှိနှိုင်းမှုဖြင့် ဈေးနှုန်းသတ်မှတ်ပေးမည်ဟု ဆိုနေသည်။

သွင်းယူပေးနိုင်

အမှန်စင်စစ်၌မူ ဖီဂို၏ခြေစွမ်းသည် ယခင်ကကဲ့သို့ မထက်မြက်တော့သည်မှာ အမှန်ဖြစ်သည်။ ၂၀၀၁-၂၀၀၂ ဘောလုံးရာသီက ရီးရဲမက်ဒရစ်သို့ ရောက်ရှိလာခဲ့သော ဖီဂိုသည် ထိုနှစ်က ရီးရဲမက်ဒရစ်အတွက် စပိန်လာလီဂါ၌ ၂၂ပွဲကစားပေးခဲ့ပြီး ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပွဲစဉ်၌လည်း ခုနစ်ပွဲကစားပေးကာ သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထိုနှစ်က ရီးရဲမက်ဒရစ်အတွက် ဖီဂို စုစုပေါင်း ၁၀ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ပွဲတိုင်းနီးပါး

၂၀၀၂-၂၀၀၃ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အတွက် လာလီဂါ၌ ၁၀ဂိုး၊ ချန်ပီယံလိဂ်ပွဲစဉ်၌ ငါးပွဲကစား နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့အတူ ၂၀၀၃-၂၀၀၄ဘောလုံးရာသီ၌ ဖီဂို အနေဖြင့် ရီးရဲမက်ဒရစ်နှင့်အတူ လာလီဂါ၌ ပွဲတိုင်းနီးပါး ကစားပေးခဲ့ရပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ချန်ပီယံလိဂ်ပွဲစဉ်၌ ရီးရဲမက်ဒရစ်နှင့်အတူ ၁၀ပွဲ ပါဝင်ကစားခဲ့သော်လည်း နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့လေသည်။

ကစားပေးခဲ့

၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အတွက် လာလီဂါ၌ ၃၅ပွဲပါဝင်ကစားပေးခဲ့ပြီး သုံးဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ပွဲစဉ်၌ ၁၀ပွဲ ကစားပေးနိုင်ခဲ့ပြီး လေးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ကမ္ဘာတစ်လွှား အားကစား

အင်တာမီလန် ကွင်းလယ်ကစားသမား လူးဝစ်ဖီဂို။ (ဓာတ်ပုံ-အင်တာနက်)

ရီးရဲမက်ဒရစ်တွင် ပွဲချိန်ပြည့် ပါဝင်ကစားရမှုနည်းခဲ့သဖြင့် လူးဝစ်ဖီဂိုသည် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် အီတလီစီးရီးအေကလပ် အင်တာမီလန်သို့ ပြောင်းရွှေ့ကစားခဲ့သည်။

အင်တာမီလန်သို့ ရောက်ရှိလာသော လူးဝစ်ဖီဂိုသည် ထိုနှစ်၌ အင်တာမီလန်နှင့်အတူ စီးရီးအေဘောလုံးပွဲစဉ် ၂၅ပွဲ ကစားပေးခဲ့ပြီး ငါးဂိုးသွင်းယူနိုင်ခဲ့သလို ချန်ပီယံလိဂ်ပွဲစဉ်ရှစ်ပွဲကစားပေးခဲ့ပြီး တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။

လူးဝစ်ဖီဂိုသည် အင်တာမီလန်အသင်းနှင့် ဆက်လက်ကစားနေသော်လည်းအရှေ့အလယ်ပိုင်းဒေသ နိုင်ငံများက ပြောင်းရွှေ့ကစားရန် ကမ်းလှမ်းမှုများရှိခဲ့ရာ ကာတာ၊ အိုမန်နှင့် ဆော်ဒီအာရေဗျနိုင်ငံ ကလပ်အသင်းများက လုပ်ခလစာ ကောင်းကောင်းပေး၍ ခေါ်ယူနိုင်ရန် ကြိုးစားခဲ့ကြသည်။

ပွဲချိန်ပြည့်

လူးဝစ်ဖီဂိုအနေဖြင့် ၂၀၀၆ဂျာမနီ ကမ္ဘာ့ဖလားတွင် ပေါ်တူဂီအသင်းကို ဦးဆောင်ကစားပေးခဲ့ပြီး၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌လည်း အင်တာမီလန်နှင့်အတူ စီးရီးအေပွဲစဉ် ၁၉ပွဲ ပါဝင်ကစားပေးခဲ့ရာ နှစ်ဂိုးသွင်းယူ နိုင်ခဲ့သည်။ သို့သော် လူးဝစ်ဖီဂိုသည် ပွဲချိန်ပြည့် ခြောက်ပွဲသာ ပါဝင်ကစားခဲ့ရပြီး ကျန်၁၃ပွဲမှာ အချိန်ပိုင်းသာ ကစားခဲ့ရခြင်း ဖြစ်သည်။

သို့ရာတွင် ဖီဂိုသည် အင်တာမီလန်နှင့်အတူ ကိုပါအီတာလီရာ ဖလားပွဲ ခုနစ်ပွဲနှင့် ချန်ပီယံလိဂ်ပွဲ ခြောက်ပွဲတို့ ပါဝင်ကစားပေးခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့ချေ။

ထို့အတူ ပေါ်တူဂီအသင်းနှင့်အတူ ယူရို၂၀၀၈ခြေစစ်ပွဲခြောက်ပွဲ ကစားပေးခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဖီဂို၏ ဂိုးသွင်းစွမ်းရည် ကျဆင်းလာသည်ဟု ဆိုနိုင်သော်လည်း သူ့အား ခေါ်ယူလိုသော အသင်းများက အပြိုင်အဆိုင် ရှိနေသည်။

ကောင်းနေဆဲ

ဖီဂိုအနေဖြင့် စပါးအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ဆိုနေသော်လည်း မိမိအနေဖြင့် ပရီမီယာလိဂ်သို့ သွားရောက်ကစားမည် မဟုတ်ဟု သူကိုယ်တိုင်က ထုတ်ဖော်ပြောကြားနေသည်။ ထို့ကြောင့် အီတလီကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့မည် သို့မဟုတ် အင်တာမီလန်၌ပင် ဆက်လက် ကစားမည်ဆိုသည့် သတင်းများကလည်း ထွက်ပေါ် နေပေရာ ဖီဂိုအားခေါ်ယူရန် ကြိုးစားနေသော အသင်းများအတွက် ပဟေဠိတစ်ပုဒ်သဖွယ် ဖြစ်နေပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အာဆင်နယ်နည်းပြ ဝင်းဂါး စာချုပ်ကို အလေးအနက်ထား

ရေးသားသူ မြင့်မောင်စိုး

လန်ဒန် ဇွန် ၁၁

အာဆင်နယ်နည်းပြ ဝင်းဂါးက ၎င်းအနေဖြင့်လာမည့် ရာသီတွင် အာဆင်နယ်အသင်း၌သာ ဆက်လက်၍ နည်းပြတာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ကာလရှည် ဆက်လက်တာဝန်ယူသွားရန်မှာ မဖြစ်နိုင်တော့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အာဆင်နယ်နည်းပြ ဝင်းဂါး။ (ဓာတ်ပုံ-အင်တာနက်)

ဖြေကြား

နည်းပြဝင်းဂါး၏ အနာဂတ်နှင့် ပတ်သက်ပြီး ဧပြီလက အာဆင်နယ်အသင်း ဒုတိယဥက္ကဋ္ဌရာထူးမှ နုတ်ထွက်သွားသော ဒေးဗစ်ဒိန်းက မေးခွန်းတစ်ရပ် မေးမြန်းခဲ့ရာတွင် အာစင်ဝင်းဂါးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်း ဖြစ်သည်။

မိမိသည် အာဆင်နယ်အသင်းနှင့် စာချုပ်တစ်နှစ်ကျော် ကျန်ရှိနေသေးကြောင်း၊ ယင်းစာချုပ်ကုန်အောင် အာဆင်နယ်၌ နည်းပြတာဝန်ယူသွားမည်ဖြစ်ကြောင်း၊ မိမိ၏ နည်းပြသက်တမ်းတစ်လျှောက် စာချုပ်ချိုးဖောက်ခဲ့ခြင်းမရှိကြောင်း၊ စာချုပ်ကို အလေးအနက်ထားကြောင်း အာစင်ဝင်းဂါးက ပြောကြားသည်။

ယုံကြည်

အာဆင်နယ်အသင်းသည် ပြီးခဲ့သော ပရီမီယာလိဂ်ရာသီ အမှတ်ပေးဇယား စတုတ္ထနေရာအထိသာ တက်လှမ်းနိုင်ခဲ့သည်။ သို့ရာတွင် နည်းပြဝင်းဂါးက လာမည့်ရာသီတွင် အခြေအနေတိုးတက်လိမ့်မည်ဟု ယုံကြည်ထားသည်ဟု ဆိုသည်။

(အင်တာနက်)

မန်ယူသို့ ရောက်လာသည့် နာနီ အကောင်းဆုံးဘောလုံးသမား ဖြစ်လာနိုင်

လန်ဒန် ဇွန် ၁၁

မန်ချက်စတာယူနိုက်တက်အသင်းသို့ ရောက်ရှိလာသော ပေါ်တူဂီ ကစားသမားနာနီသည် ကမ္ဘာတွင် အကောင်းဆုံး ဘောလုံးသမားများထဲမှ အကောင်းဆုံးတစ်ဦး ဖြစ်လာနိုင်ကြောင်း ပေါ်တူဂီ ဂန္ထဝင်ဘောလုံးသမား ပေါလို ဆော်ဇာက ပြောကြားလိုက်သည်။

လျင်မြန်သွက်လက်သူ

နာနီသည် အလားအလာကောင်းသော ဘောလုံးသမား ဖြစ်ကြောင်း ပေါ်တူဂီအသင်းကို (၅၁)ကြိမ်တိုင် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သူ ဆော်ဇာက ပြောကြားသည်။ အဆိုပါ ကစားသမားသည် တောင့်တင်းခိုင်မာသူတစ်ဦးဖြစ်သည့်အပြင် ဘောလုံးစွမ်းရည်မှာလည်း အလွန်လျင်မြန်သွက်လက်သူဖြစ်ကြောင်း၊ လာမည့်ငါးနှစ်အတွင်း စီရိုနယ်ဒိုနှင့် နာနီသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများဖြစ်လာနိုင်ကြောင်း ဆော်ဇာက ဆက်လက် ပြောကြားသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည်အသက်၂၀နှစ်ရှိ နာနီအား လစ္စဘွန်းအသင်းမှခေါ်ယူရန် သဘောတူညီထားပြီး ဖြစ်သည်။ (အင်တာနက်)

မန်ယူသို့ရောက်လာမည့် ပေါ်တူဂီကစားသမား နာနီ။ (ဓာတ်ပုံ-အင်တာနက်)

နယူးကာဆယ်နည်းပြ ဆမ်အလာဒိုက် (ဝဲ)နှင့် တိုက်စစ်မှူး မိုက်ကယ်အိုဝင်။ (ဓာတ်ပုံ-အင်တာနက်)

အိုဝင် နယူးကာဆယ်မှထွက်ခွာလိုလျှင် တားဆီးနိုင်စွမ်းမရှိဟု နည်းပြပြောကြား

လန်ဒန် ဇွန် ၁၁

တိုက်စစ်မှူး မိုက်ကယ်အိုဝင် အသင်းမှ ထွက်ခွာသွားမည်ဆိုခဲ့လျှင် တားဆီးထားနိုင်စွမ်းမရှိကြောင်း နယူးကာဆယ် အသင်းမန်နေဂျာ ဆမ်အလာဒိုက်က ဝန်ခံပြောကြားလိုက်သည်။

မိုက်ကယ်အိုဝင်သည် ပြောင်းရွှေ့ကြေး များများရလျှင် အသင်းမှထွက်ခွာဖွယ်ရှိကြောင်းလည်းမန်နေဂျာဆမ်အလာဒိုက်က ပြောကြားသည်။

အကဲခတ်နေသူ

အဆိုပါမန်နေဂျာသည် နယူးကာဆယ်သို့ ရောက်လာပြီးနောက် မိုက်ကယ်အိုဝင်၏ အနာဂတ်နှင့်ပတ်သက်ပြီး အကဲခတ်နေသူ ဖြစ်သည်။

ပြောင်းရွှေ့လာသူ

မိုက်ကယ်အိုဝင်သည် မကြာမီက ဒဏ်ရာရထားရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပုံမှန်ကစားနိုင်သည့် ခြေစွမ်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ၎င်းသည် အက်စ်တိုးနီးယားနှင့်ပွဲတွင်လည်း အင်္ဂလန်အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ၂၀၀၅ ခုနှစ် နွေရာသီတွင် ရီးရဲမက်ဒရစ်မှ နယူးကာဆယ်သို့ ပေါင် ၁၇သန်းဖြင့် ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း

✣ **ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ရေးမွန်းကယ်ဒါရွန်က ဇွန်လကုန်တွင် အသင်းမှထွက်ခွာတော့မည့် ဒေးဗစ်ဘက်ခမ်းအား ဆက်လက်ခေါ်ယူထားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။**

✣ စပိန်နိုင်ငံမှ ကမ္ဘာ့နံပါတ်(၂) တင်းနစ်အားကစားသမား ရာဖေးလ်နာဒယ်သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရော်ဂျာဖက်ဒဲယားအား အနိုင်ရပြီး သုံးနှစ်ဆက်တိုက် ပြင်သစ် အိုးပင်းဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။ **(အင်တာနက်)**

12-6 (13) 1 6/11/07, 2:55 PM

ထိရောက်မှုအရှိဆုံးနှင့် အမြန်ဆုံးသက်သာပျောက်ကင်းစေမှာ

FLUZA Tab.

A Quality Product from Korea Pharma Co. Ltd.

တုပ်ကွေး အအေးမိ ဖျားနာ

MARKETED BY : PACIFIC PHARMACEUTICAL PTE. LTD.
Tel : (01) 249588, 249591~3, (02) 30040

သင်နှင့် သင့်မိသားစုအတွက် အကောင်းဆုံးရွေးချယ်မှု.....

Dream
Polyester Pillow

New Product

သုံးစွဲသူအတွက်.....
ထိုက်တန်ချိုသာသည့်တန်ဖိုး နှင့်
အကောင်းဆုံးအရည်သွေး

ထုတ်လုပ်မှုအသစ်

10.6.2007 မှ 31.7.2007 အထိ
10% Discount
ဖြင့်ရောင်းချနေပါသည်။

Product by SWEETY HOME INDUSTRY Co.,Ltd.

အမြို့မြို့အနယ်နယ်ရှိ မင်္ဂလာခန်းဝင်ပစ္စည်း အရောင်းဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်...။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၁၅-၆-၂၀၀၇ရက် (သောကြာနေ့)တွင် ကျရောက်မည့် မေမေ **ဒေါ်မာမာထွန်း** (Executive Director, MGS Group of Companies)၏ မွေးနေ့မှသည် နှစ်တစ်ရာတိုင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာ၍ ချမ်းသာမှုအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ခင်ပွန်း – ဦးအောင်မိုးကျော်
Managing Director
IBTC & Group of Companies

ချစ်သမီး – မပွင့်

ချစ်သားသား– မောင်ကျော်ထက်။

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
(ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း)

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ Ball Bearing နှင့် Roller Bearing (33) Items ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၁။ **တင်ဒါအမှတ်** – ၀၂၉/သတလ-၁/၂၀၀၇-၂၀၀၈

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** – (၂၆-၆-၂၀၀၇) (၁၆း၃၀ နာရီ)

၃။ **တင်ဒါပေးသွင်းရမည့်နေရာ** – **ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ရုံးအမှတ်(၁၉)နေပြည်တော်။**

၄။ တင်ဒါပုံစံများကို အောက်ပါဌာနခွဲတွင် (၁၃-၆-၂၀၀၇)ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း ၀၆၇-၄၀၉၃၈၁ နှင့် ၄၀၉၃၈၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးနှင့်ရောင်းချရေးဌာနခွဲ
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
ရုံးအမှတ်(၁၉)
နေပြည်တော်။

အိမ်မဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၁

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း ဖဝိုင်း အိမ်မဲကျောင်း ဇေတဝန်ကျောင်းတော်ကြီး၌ကျင်းပမည်ဖြစ်၍ မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များအား ဖိတ်ကြားထားသည်။

သင်္ကန်း၊ ဆွမ်း၊ ဆေး စသည်တို့ကို လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇၊ အတွင်းရေးမှူးဦးမြင့်စိုး ဖုန်း-၀၉-၅၀-၁၄၉၄၃၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၂၄၆၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မြဦး ဖုန်း-၂၉၉၉၆၅နှင့် အမှုဆောင် ဒေါ်စီစီ ဖုန်း-၂၂၅၂၄၉၊ ဦးအောင်ဝင်း ဖုန်း-၃၇၈၂၀၅၊ ဦးခင်မောင်သန်း ဖုန်း-၆၆၅၃၄၆၊ ဦးကြည်ဦး ဖုန်း-၅၂၄၄၆၀နှင့် အကျိုးဆောင် ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နယ်လှည့်စာဖတ်ခန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၁၁

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇွန် ၉ရက် နံနက် ၁၀နာရီက အရှေ့ရွှေဂုံတိုင်ရပ်ကွက် အောင်ချမ်းသာအိမ်ရာ အရှေ့ရွှေဂုံတိုင် ရပ်ကွက်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟဓမ္မာရုံတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် အရှေ့ရွှေဂုံတိုင်ရပ်ကွက်ဥက္ကဋ္ဌ ဦးကံသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က နယ်လှည့်စာဖတ်ခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာပေအကျိုးကျေးဇူးကြီးမားပုံအား ဟောပြောသည်။ ဆက်လက်၍ အရှေ့ရွှေဂုံတိုင်ရပ်ကွက်ရှိ အမျိုးသမီးရေးရာအဖွဲ့ရုံး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲရုံးတို့တွင်လည်း နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဖွင့်လှစ်ပြသခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဓနိနိဝင်းနှင့်ရောင်းရင်းများ ဘုရားဖူးအဖွဲ့
▲ပုဂံခရီးစဉ်၊▲မန္တလေးခရီးစဉ်၊▲တောင်ကြီးခရီးစဉ်၊▲မြန်မာပြည်အနှံ့ခရီးစဉ် (သောကြာနေ့တိုင်းထွက်မည်)၊ ကျိုက်ထီးရိုး(သောကြာ)၊ ချောင်းသာ (အင်္ဂါ၊သောကြာ)▲ဇလွန်(တနင်္ဂနွေ)▲မန်းစက်တော်နှင့် ပုဂံ-ဝါဆိုအထူး (27.7.07) ထွက်မည်။ကြိုတင်လက်မှတ်ရောင်းပြီ။ အမှတ်(၂၃၅)၊ပန်းဆိုးတန်းလမ်း၊ 249871, 09-51 37245,09-99 72025

တစ်ဦးတည်းဖြစ်ကြောင်း

အဖ ဦးမြစိုး NTA-၀၇၀၆၂၈၏သား မောင်သန်းထွဋ်အောင် ၁၂/သကတ(နိုင်)၁၄၃၃၅၁နှင့် မောင်သန်းထွန်းအောင် ၁၂/သကတ(နိုင်)၁၄၃၃၅၁သည် တစ်ဦးတည်းဖြစ်ကြောင်း။ **မောင်သန်းထွဋ်အောင်(ခ) မောင်သန်းထွန်းအောင်။**

အမည်မှန်

အဖ ဦးသောင်းစိန်၏ သမီး ကော့ကရိတ်မြို့ အထက(၁) နဝမတန်း (A)မှ မနှင်းသီတာထွန်း၏ အမည်မှန်မှာ မနှင်းသန္တာထွန်း ဖြစ်ပါကြောင်း။ **မနှင်းသန္တာထွန်း။**

ဖခင်အမည်မှန်

ဟင်္သာတမြို့၊သုံးပင်ကွင်း၊အောင်သုခ ၂လမ်းနေ မောင်ခင်မောင်လွင် HZA-၁၈၇၃၅၇ ဆည်မြောင်းဒုလ/ထဦးစီး၏ ဖခင်အမည်မှန်မှာ ဦးချစ်တင် ဖြစ်ပါကြောင်း။

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင် - လန်ဒန်)
LCCIသင်တန်းများJune 16(စနေနေ့)စမည်။
ခုံနံပါတ်ကြိုတင်ယူထားနိုင်သည်။
အမှတ်(၂၉၀)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်)
ဖုန်း - ၃၇၁၇၄၁၊ ၃၉၁၁၀၂

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသဥ္ဇာမော်၏ နိုင်ငံကူးလက်မှတ် အမှတ်-၃၁၉၀၆၀မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။

လူနေဆိုင်ခန်းငှားမည်

မျက်နှာစာ ပေ ၅၀ ခန့် (ထောင့်အိမ်)၊ သံသုမာလမ်းမပေါ်၊ တောင်ဥက္ကလာပစေတီအနီး။
ဖုန်း-၀၉-၅၁-၅၂၇၅၉။

ရောင်းမည်

ခြံအမှတ်(၈/က) တိုက်နှင့် အိမ် အပါအဝင် ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်း။
ဆက်သွယ်ရန်
ဖုန်း-၅၄၉၀၉၉၊ ၅၄၁၈၀၆။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၅၉၄၁၊ Honda C70 Z2၊ မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ အမည် ဦးသန်းရွှေ မှတ်ပုံတင်အမှတ် ၆/မအရ(နိုင်)၀၄၇၆၄၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊တိုင်းဦးစီးမှူးရုံး(မြိတ်)။

အမွေပြတ်စွန့်လွှတ်ခြင်း

ဦးချစ်ထွေး-ဒေါ်သောင်းရီတို့၏သားဖြစ်သူ ကိုနေမျိုးချစ် ၆/ပလန(နိုင်)၀၀၃၂၁၅ သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကိုပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖခင် – ဦးချစ်ထွေး ၆/ပလန(နိုင်)၀၀၁၉၈၂
မိခင် – ဒေါ်သောင်းရီ ၆/ပလန(နိုင်)၀၀၆၁၀၉
အမှတ် ၂၈၉၊ ရာဇသင်္ကြန်(၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

စက်ရုံဂိုဒေါင်ငှားမည်

ဒဂုံအရှေ့ စက်မှုဇုန်၊ မြေ(၂ ဒသမ ၅)ဧက၊ 500 KVA Transformer ပေ ၈၀ x ၁၈၀ steel Structure တိုင်ပျောက် ဂိုဒေါင်တစ်လုံး၊ ပေ ၆၀ x ၁၂၀ အုတ်စီနံကပ်ဂိုဒေါင်တစ်လုံး၊ ကွန်ကရစ် ရေစင်တစ်လုံး၊ ဖုန်းပါ။ **ဆက်သွယ်ရန်-**
ဖုန်း – ၀၁-၂၄၆၀၀၅
၀၉-၅၁-၅၁၁၁၆။

အခွန်ပုံစံ(၁)ပျောက်ဆုံးခြင်း

၈/၇၂၉၆ ယာဉ်၏ အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
ဦးသီဟစိုး
ဖုန်း-၀၉-၅၁၂၀၈၉၆။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျပ်သိန်း ၂၀ ကျော်တန်ဖိုးရှိ ကြေးပြား ၁၀၃ ချပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၁

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ပဋ္ဌာနအုပ် ကထာဝတ္ထုပါဠိတော်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ)အရှင်မြတ်ထံသို့ ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေး ဆိုင်အမှတ် (က-၆) မှ ဒေါ်ကြွေ(ခ)ဒေါ်လှမြင့် (ပြည့်စုံမိသားစု)က ကြေးပြား ၁၃ ချပ်၊ မိခင်ကြီး ဒေါ်ခင်အေးအားရည်စူး၍ တိုင်းမေ့ဆေးဆရာဝန်ကြီး ဒေါက်တာဒေါ်သူသူတင်(ပခုက္ကူမြို့)၊ ကျောက်တံတားမြို့နယ် ၃၅လမ်း အမှတ်၂၁၄(၂/က)နေ ကျေးဇူးရှင် အဘိုးကျော်-အဘွားသန်း၊ မိခင် ဒေါ်သိန်းတင်-ဖခင်ဦးသိန်းဟန်တို့အား ရည်စူး၍ ဒေါ်အေးအေးသိန်း (တရားရုံးချုပ်ရှေ့နေ)နှင့် မောင်နှမတစ်စု၊ မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်း အမှတ်(၇၁၈/စီ)နေ ဦးသင်းအောင်-ဒေါ်စန္ဒာဝင်းအောင်၊ သမီး မပိုင်းပိုင်းပြည့်၊ သား မောင်ထိန်လင်း၊ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အမှတ် ၉ နေ ဒေါက်တာ ဒေါ်လှစိန်တို့က ကြေးပြား ၁၀ချပ်စီ၊ ၉၃လမ်း အမှတ် ၁၃၁ နေ ဦးအောင်ဆန်းမြင့်-ဒေါ်စန်းစန်းရည်၊ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၅၄ နေ အမိ၊ အဖ၊ အစ်ကို၊ အစ်မများအားရည်စူး၍ ဒေါ်ကျင်သော့(သန်လျင်)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၅၄ နေ နှစ်ဖက်မိဘများအားရည်စူး၍ ဦးမျိုးဝင်း-ဒေါ်ဖြိုးဖြိုးရည်၊ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် ၂၈၆ အခန်း ၁၅ နေ ဦးစိုးနိုင်အား ရည်စူး၍ ဇနီးဒေါ်တီတီမာ၊ သမီး ဒေါက်တာဝင်းပပနိုင်၊ ဒေါက်တာ အေးသီရိနိုင်၊ မြတ်ချောစုနိုင်နှင့် အေးအေးခိုင်၊ သုဝဏ္ဏမြို့ မီးဒုံးလမ်းသွယ်(၃) တိုက် ၁၃၃ အခန်း(၅)နေ ဒေါ်သန်းစိန်အားရည်စူး၍ ဦးကုလားလေး၊ သား ဦးကြည်မြင့်၊ မော်လမြိုင်မြို့ ရွှေတောင်ရပ် အောက်လမ်းမကြီး အမှတ် ၁၈၉ နေ ဖခင် ဦးချန်ကြူ-မိခင် ဒေါ်ကျင်တွမ် တို့အားရည်စူး၍ သားသမီးများ၊ ကမာရွတ်မြို့နယ်မှ နှစ်ဖက်သော မိဘဆွေမျိုးများအားအမှူးထား၍ ဦးစံတင်-ဒေါ်ခင်မမမိသားစု၊ လားရှိုးမြို့ ဗိုလ်ချုပ်လမ်းနှင့် ကမ္ဘောဇလမ်းထောင့် လွင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဦးဌေး လွင်-ဒေါ်ခင်မြင့်၊ သား မောင်အောင်ကိုလွင်၊ မောင်အောင်ကျော်လွင်၊ သမီး မဇင်မာလွင်တို့က ကြေးပြားငါးချပ်စီ၊ အလုံမြို့နယ် ကမ်းနားလမ်း SINMAပရိဘောဂစက်ရုံမှ SINMA-SPRAY-SECTIONမှ ဝန်ထမ်းများက ကြေးပြားလေးချပ်၊ သဃ်္ဃန်းကျွန်းမြို့နယ် သီရိနန္ဒာရိပ်သာ ခေမာသီ၂လမ်း အမှတ်၃၀နေ ဦးစောသာ အားရည်စူး၍ ဇနီးဒေါ်ကျော့စိန်၊ တောင်ဥက္ကလာပမြို့နယ် ၁၁ ရပ်ကွက် ၄လမ်း အမှတ် ၁၈၁နေ မိခင်ကြီး ဒေါ်မြစိန်အားရည်စူး၍ ဖခင်ကြီး ဦးမောင်မောင်အား အမှူးထားလျက် ဦးဟံတင်-ဒေါ်သန်းသန်းဌေး၊ သမီး မစုလှိုင်ထွန်းတို့က ကြေးပြားသုံးချပ်စီ စုစုပေါင်းကြေးပြား ၁၀၃ချပ်၊ တန်ဖိုးငွေကျပ် သိန်း ၂၀ ခြောက်သောင်းကို လှူဒါန်းကြသည်။ **(က-ပ)**

မြို့နယ်သတင်းများ

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဂျိုးဖြူကန်လမ်းဆုံတစ်ဝိုက်တွင် မေ ၁၂ ရက်က ဒုတိယဦးစီးမှူး ဦးစိုးတင့်နှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ စစ်တွေ၌ကျင်းပ

စစ်တွေ ဇွန် ၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက ပြန်ကြားရေးဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့၏ မှာကြားချက်များကိုလည်းကောင်း **(ဝဲပုံ)**၊ စစ်တွေခရိုင် ဦးစီးအရာရှိ ဦးမောင်အေးထွန်းက ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များကိုလည်းကောင်း ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိများနှင့် စစ်တွေခရိုင် ကြီးကြပ်မှုအောက်ရှိ မြို့နယ်ဦးစီးမှူးများက မိမိတို့ခရိုင်နှင့် မြို့နယ်အလိုက် ၂၀၀၆-၂၀၀၇ တတိယလေးလပတ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၀၇-၂၀၀၈ တစ်နှစ်တာလုပ်ငန်းလျာထားချက်နှင့် လေးလပတ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၀၇-၂၀၀၈ လုပ်ငန်းရည်မှန်းချက် တာဝန်ကိုးရပ် အောင်မြင်ရေးအတွက် အပတ်စဉ်လုပ်ငန်းရည်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အခမ်းအနားသို့ စစ်တွေ၊ ကျောက်ဖြူ၊ မောင်တောခရိုင်များမှ ခရိုင်ဦးစီးအရာရှိများ၊ သံတွဲခရိုင်မှ မြို့နယ်ဦးစီးမှူးနှင့် စစ်တွေခရိုင်မှ မြို့နယ် ဦးစီးမှူးများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်ဝေသော လက်တွန်းထွန်စက်များ ရောင်းအားမြှင့်တင်ရေး သရုပ်ပြမောင်းနှင်ပွဲ ယင်းမာပင်၌ ကျင်းပ

ယင်းမာပင် ဇွန် ၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် ပုလဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်ဝေသော လယ်ယာ (၂၂) လက်တွန်းထွန်စက်များ ရောင်းအားမြှင့်တင်ရေး ဦးတည်ချက်ဖြင့် လယ်ယာ(၂၂) သရုပ်ပြမောင်းနှင်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက ယင်းမာပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းစိုက်ကွင်းအတွင်း၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

အဆိုပါသရုပ်ပြပွဲသို့ ယင်းမာပင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဇော်ဝင်း၊ ပုလဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင်အောင်မြင့်၊ ယင်းမာပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်း၊ ဒုတိယဦးစီးမှူး ဦးဘကျောင်းနှင့် ယင်းမာပင်မြို့၌ဖွင့်လှစ်လျက်ရှိသော ရပ်၊ကျေးအုပ်စု လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၂/၂၀၀၇) တွင် တက်ရောက်နေကြသော ပုလဲမြို့နယ် ကျေးရွာအုပ်စု ၆၂ အုပ်စုမှ သင်တန်းသားများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ဟိုပန်မြို့၌ ကျင်းပ

ဟိုပန် ဇွန် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက်နံနက် ၉ နာရီက အထက (စောမဟာ)ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေး **(အောက်ပုံ)** နှင့် မြို့နယ်ပညာရေးမှူး ဒေါ်အင်ဂျီးဒေါင်တို့က အမှာစကားပြောကြားပြီး မူလတန်းဆင့် အခမဲ့ပညာရေးအစီအစဉ်အရ မူလတန်းကျောင်းသူ ကျောင်းသားများကို စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းကော်မတီဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သီပေါမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

သီပေါ ဇွန် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ပညာရေးကော်မတီက ကြီးမှူး၍ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၈ရက် နံနက်၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ် ပညာရေးမှူး ဒေါ်သောင်းသောင်းက ယခုနှစ် ကျောင်းအပ်နှံရေး အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းနေ ရန်ချို့တဲ့ ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့လှူဒါန်းသော ဘာသာစုံ သုငယ်တန်း ဖတ်စာအုပ် အစုံ ၂၂၀၀ တန်ဖိုးငွေကျပ်၄၆၂၀၀၀ ကိုမြို့နယ် ဥက္ကဋ္ဌဦးခင်ကြည်က မြို့နယ် ပညာရေးမှူး ဒေါ်သောင်းသောင်းထံ ပေးအပ်လှူဒါန်းသည်။ ***(အပေါ်ပုံ) (၃၀၆)***

(၈၆)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၁

အုပ်ခွဲတပ်ကြပ်ကြီး ချစ်တင် (လူမှုထူးချွန်ပထမဆင့်) တပ်မတော်(ရေ) **(အပေါ်ပုံ)**သည် ဇွန် ၅ရက်က ရန်ကုန်မြို့ အမျိုးသားသွေးလှူဘဏ်တွင် (၈၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း တာမွေမြို့နယ် ပုညဝုမနလမ်း အမှတ် ၁၁ ၆လွှာ(ဘီ) နေ ဦးသိန်းအောင်-ဒေါ်ခင်စောယုဝေ မိသားစုက ဒဂုံ မြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက် ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြေခင်းအလှဆင် ပန်းအလှပင်စိုက်ပျိုး

အုတ်ဖို ဇွန် ၅

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဇွန် ၂ရက်က တြိဒါနလမ်းထိပ် မြေခင်းအလှဆင်ခြင်းနှင့် မြို့ဝင်လမ်းတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးစန်းလွင်တို့ ကြီးကြပ်၍ အဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။ **(၀၇၄)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ဆရာတော်ဦးတေဇနှင့် ဖခင်ကြီး ဦးပေါ်ထွန်းဖြူအားရည်စူး၍ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်အရှေ့ကြို့ကုန်း ၁၀လမ်း အမှတ် ၆၈၆နေ ဇနီးဖြစ်သူ ဒေါ်စောလှခိုင်နှင့် သားသမီးများ ဖြစ်ကြသော ဦးသန်းထွန်းဦး-ဒေါ်အေးအေးစိုး၊ ဦးသန်းနိုင်-ဒေါ်တင်မေထွန်း၊ ဦးအောင်အောင်နိုင်၊ဦးညီညီနိုင် မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး အမျိုးသမီးငယ်ရွယ် ဘက်စုံဖွံ့ဖြိုးရေးသင်တန်းဆင်း

မြစ်ကြီးနား ဇွန် ၃

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အမျိုးသမီးငယ်ရွယ် ဘက်စုံဖွံ့ဖြိုးရေး သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၈ရက် နံနက် ၉နာရီက အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ သင်တန်းနည်းပြ ဆရာဆရာမများ၊ မြို့ပေါ်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုလက်ဆောင်

ရှေးဦးစွာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပြီး သင်တန်း ပို့ချခဲ့သည့် ဆရာဆရာမများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းအဖွဲ့ဝင် ဒေါ်စောကေခိုင်နှင့် ဒေါ်သင်းသင်းအေးတို့က အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ပေးအပ်

ထို့နောက် သင်တန်းထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော သင်တန်းသူများအား ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက ပေးအပ်ခဲ့ပြီး သင်တန်းဆင်း လက်မှတ်များကို ပြည်နယ်အမျိုးသမီးရေးရာ နာယက ဒေါ်နုနုဆွေ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်တင်တင်အုံးနှင့် လုပ်ငန်းအဖွဲ့ဝင်များက ပေးအပ်သည်။

ဆက်လက်၍အမျိုးသမီးရေးရာအဖွဲ့ အဆိုပြု လွှာ ၃၄စောင်ကို သင်တန်းသူများကပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ဇွန် ၆ရက်က ဘဒ္ဒန္တတေဇောသာရာဘိဝံသ သုံးတွဲ့ရ ဓမ္မာစရိယ တောင်တန်း သာသနာပြု သဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ သကျသီဟ ပရိယတ္တိ သာသနဟိတရေ ဂုဏဝိသိဋ္ဌ ဆရာတော်သည် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးအတွက် လူနာတင်လှည်းနှစ်စီး၊ ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ဆောင်အတွက် လိုအပ်သောကိရိယာနှင့်ဆေးများ၊ ဆေးပဒေသာပင်နှင့် အာဟာရအလှူငွေ စုစုပေါင်းငွေကျပ် လေးသိန်း သုံးသောင်း ငါးထောင်ကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ရောဝတီမြစ်ကူးတံတားထိပ် တောင်ကုန်းမြေခင်းအလှ ပန်းများဝေဆာစွာ ပွင့်ဖူးစေရန် ပန်းအလှပင်စိုက်ပျိုး

ဝိုင်းမော် မေ ၂၀

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကချင်ပြည်နယ်ဂုဏ်ဆောင် ရောဝတီမြစ်ကူးတံတားထိပ် တောင်ကုန်းမြေခင်းအလှတွင် ပန်းများဝေဆာစွာ ပွင့်ဖူးလှပစေရန်အတွက် ပန်းအလှပင်များ ဖြည့်တင်းစိုက်ပျိုးခြင်း၊ ဘဲဇာမြက်များ စိမ်းစိုနေစေရန် ရေလောင်းခြင်း၊ ပန်းပင်များအကြားတွင် ပေါက်နေသော ပေါင်းမြက်ပင်များ နုတ်ခြင်းလုပ်ငန်းများကို ဧပြီ ၂၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၄) ဦးကျော်နိုင်မင်း ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိလက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပညာအလင်းရောင်စာကြည့်တိုက်သို့ စာအုပ်လှူဒါန်း ယဉ်ကျေးမှုကို ထိန်းသိမ်းတတ်ရန် စကားဝိုင်းဆွေးနွေး

လားရှိုး ဇွန် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်း၍ လားရှိုးမြို့နယ် တာပုံကျေးရွာအုပ်စု နားဖကျေးရွာတွင် ပညာအလင်းရောင်စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲ၊ စကားဝိုင်းဆွေးနွေးပွဲနှင့် နာမကျန်းသူ သက်ကြီးအဘိုးတစ်ဦးအား ထောက်ပံ့မှုတို့ကို မေ ၂၉ရက် နံနက်၁၀နာရီက ကျင်းပသည်။

ရှေးဦးစွာ ပညာအလင်းရောင်စာကြည့်တိုက်သို့ စာကြည့်တိုက် ရန်ပုံငွေကျပ် တစ်သောင်းငါးထောင်နှင့် စာအုပ်မျိုးစုံ အုပ်၂၀၀ကို ခရိုင် အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်မြတ်ထွေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ယဉ်မူတို့က ပေးအပ်လှူဒါန်းပြီး ဒေသခံ တိုင်းရင်းသူအမျိုးသမီးငယ် ၂၅ဦးနှင့် အမျိုးသမီးငယ်ရွယ်သူများက လူမျိုးနှင့် ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းတတ်စေရေး စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပကြသည်။

ဆက်လက်၍ ကျေးရွာအတွင်းရှိ နာမကျန်းဖြစ်သူ သက်ကြီးအဘိုးတစ်ဦးအား ဆန်တစ်အိတ်နှင့် ငွေကျပ်တစ်သောင်းငါးထောင်ကိုကန်တော့ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဂဝံကျောက်စုဆောင်း

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ရှမ်းစု-ပွဲတမော့လမ်း ဂဝံခင်းခြင်းလုပ်ငန်းအတွက် ဂဝံကျောက် စုဆောင်းထားမှု အခြေအနေကို ဇွန် ၆ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးသန်းလင်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဟံသာဝတီရပ်ကွက် ဟံသာဝတီလမ်းမကြီး ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းထားမှုကို ဇွန် ၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အလင်းတံခါး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်မျိုးစုံလှူဒါန်း၊စာဖတ်ဝိုင်းကျင်းပ

ပေါင် ဇွန် ၂

ပေါင်မြို့နယ် ဒေးတင်းကျေးရွာ အလင်းတံခါးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ **(အောက်ယာပုံ)** နှင့် စာဖတ်ပွဲ အခမ်းအနားကို မေ၂၂ရက် နံနက်၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်အေးက စာကြည့်တိုက် ဖြစ်ပေါ်လာရခြင်းကို ဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက စာတမ်းဖတ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဖတ်ကြား

အခမ်းအနားတွင် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သင်းသင်းမော်က ဒို့ကျေးရွာဂျာနယ်အတွဲ (၄)အမှတ်(၉)မှ မြေဆီလွှာဖုံးပစ္စည်းများပြုလုပ်ခြင်းဆောင်းပါးကိုဖတ်ကြားပြီးကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးတင်စိန်က မေ ၁၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ရဲဘော်တင်ရွှေ၏ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေး ဆောင်းပါးကို ဖတ်ကြားသည်။

လက်ခံယူ

စာဖတ်ဝိုင်းအပြီးတွင် မြို့နယ် ဦးစီးမှူးက အလင်းတံခါးစာကြည့်တိုက်အတွက် စာအုပ်၊စာစောင်၊ ဂျာနယ်မျိုးစုံနှင့် ကျေးရွာရပ်မိရပ်ဖအလှူရှင်တစ်ဦးက ရေဒီယိုတစ်လုံးကို လှူဒါန်းရာ စာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

အောင်ချမ်းသာ

ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့် နာမည်ကြီး၊ ဆေးဝါးပညာရှင်များ ဦးစီး၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သင်ထောက်ကူ စာရွက်စာတမ်းများနှင့် ကိုယ်တိုင်ရေးစရာမလိုအောင် စီစဉ်ထားသည်။ သင်တန်းနှုန်းထား သက်သာစေရမည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်း ဖွင့်နိုင်ရမည်။ ဆေးဆိုင်ဖွင့်နိုင်ရန် စီစဉ်ပေးထားသည်။ အလုပ်အကိုင်၊ ထိုင်ခုံနှင့် လူနည်းနည်း သင်ကြားပေးသည်။ Certificate ပေးသည်။ ဘော်ဒါဆောင် စီစဉ်ပေးသည်။ **"ဆေးအကြောင်း အမှန်တကယ် နားလည်တတ်မြောက်ချင်ရင် မူလလက်ဟောင်း အောင်ချမ်းသာသို့ ကြွခဲ့ပါ"**

(Wed to Sun) – (၂၀-၆-၂၀၀၇)ရက် သူနာပြုအကူ သင်တန်းတစ်ခုတည်းသာ
စိတ်ပါဝင်စားသူများ လာရောက် စုံစမ်းနိုင်ပါသည်။

အပတ်စဉ်(၁၀၇) (Mon to Fri) – ၂၀-၆-၂၀၀၇ ရက် (တစ်လပြတ် အထူးသင်တန်း)
ဆေးဝါးကျွမ်းကျင်အကူသင်တန်း
7:30-12:30 AM (၁၂)ဦး
12:30-5:45 PM (၁၂)ဦး

အပတ်စဉ်(၁၀၈) (Mon to Thur) – ၂၁-၆-၂၀၀၇ ရက် (နှစ်လပြတ် အထူးသင်တန်း)
ဆေးဝါးကျွမ်းကျင်/သူနာပြု အကူသင်တန်း
7:30-11:00 AM (၁၂)ဦး
12:30-4:00 PM (၁၂)ဦး

အပတ်စဉ်(၁၀၉) (Sat to Sun) – ၂၃-၆-၂၀၀၇ ရက် (နှစ်လပြတ် အထူးသင်တန်း)
ဆေးဝါးကျွမ်းကျင်/သူနာပြု အကူသင်တန်း
7:30-12:00 AM (၁၂)ဦး
12:30-5:00 PM (၁၂)ဦး

<u>လိပ်စာပြောင်းထားသည်</u>

သင်ခန်းစာအပြည့်အစုံနှင့် အချိန်ပြည့် သင်ကြားပေးပါသည်။

ဆက်သွယ်ရန် – အမှတ် ၃၃ 4.B၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် (ဂမုန်းပွင့်ကုန်တိုက်အနီး) ဖုန်း-၅၀၃၅၅၆။

ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
(၂ နှစ်အာမခံပါသည်။)
▲ဆံပင်ဖြောင့်(30000/-Ks)တန် Discount(15000/- Ks)
▲စက်ပြန်ဆွဲရန်မလိုပါ။
▲ဗယောင်းတုန်ဆေးထည့်သွင်း အသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေပါသည်။
▪အမှတ်(၁၃၄၊ ၁၃၆)မြေညီ၊ ၄၆ လမ်းအထက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
▪ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ ဒဂုံစင်တာအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်ခင်နှင်းဆီ ၁၂/သလန(နိုင်)၀၈၈၉၀၄ သိသာရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမော် ၁၃/လရန(နိုင်)၀၀၉၁၁၇၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမော်ထံ လူကြီးမင်းမှ ချေးယူထားသောငွေနှင့် စပ်တူလုပ်ငန်းစာချုပ် ဖောက်ဖျက်သည့်ကိစ္စရပ်များကို ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း လာရောက်ဖြေရှင်းရန်နှင့် ဤသတိပေးချက်အပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဒေါ်အေးအေးမော်အနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်အေးအေးမော်၏ လွှဲအပ်ညွှန်ကြားချက်အရ– ဦးအောင်မြင့်
တရားရုံးချုပ်ရှေ့နေ (စဉ်-၇၃၀၇/၂၀၀၅)
(ခ/၅)ရဲစခန်းတိုက်တန်း၊ လမ်းမတော်လမ်း၊ လားရှိုးမြို့။

7Th Corner
အထူးဆံပင်ဖြောင့်ဆိုင်
* ခေါင်းလျှော်ပြီးလျှင် စက်ဆွဲရန် မလိုပါ။ (၂) နှစ်အာမခံ
* နဂိုဆံပင်ထက် (၂) ဆ ပြောင်လက်ပျော့ပျောင်းစေရမည်။
* 35000/- Discount 15000/-
(i) အနော်ရထာလမ်းမပေါ် (17) လမ်းထိပ်၊ လသာမြို့နယ်။
(ii) ပြည်လမ်းမပေါ်၊ မြေနီကုန်းဓါးပွိုင့်၊ ရတနာပုံစျေးရှင်မှုပထပ်။
(iii) ကမ်းနားလမ်းမပေါ်၊ (8) လမ်းထိပ်၊ လမ်းမတော်မြို့နယ်။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက် ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

<u>လှူဒါန်းနိုင်</u>

စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

<u>ဆက်သွယ်နိုင်</u>

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း)လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် သာယာဝတီခရိုင်ဦးစီး အရာရှိ ဒေါ်တင်တင်ဝင်း တို့ မေ ၂၄ ရက်က နတ်တလင်း မြို့နယ် တင်ပြင်ချွေကျေးရွာ၌ ဆောက်လုပ်နေသည့် ပညာအလင်းရောင်စာကြည့်တိုက်ကို ကြည့်ရှုကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အလှူငွေများလှူဒါန်း

လင်းခေး ဇွန် ၆

ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ အထူးဒေသ(၆)မှ ပတ္တမြားနဂါးကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း၊ ဇနီးဒေါ်အေးအေးမြင့်တို့က လင်းခေးခရိုင် လင်းခေးမြို့နယ်ပညာရေးဌာနနှင့် လင်းခေးဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၁ နာရီခွဲက နွယ်ဝတီခန်းမ၌ ကျင်းပသည်။

<u>တက်ရောက်</u>

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့်ဇနီး၊ နယ်မြေခံတပ်ရင်းအသီးသီးမှ တပ်ရင်းမှူးများနှင့်ဇနီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ကြသည်။

<u>ဂုဏ်ပြုလွှာ</u>

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးရှိန်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပတ္တမြားနဂါး ကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်းက အလှူငွေများကို ပေးအပ်လှူဒါန်းရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

<u>လှူဒါန်း</u>

အဆိုပါကုမ္ပဏီက လှူဒါန်းပေးအပ်ခဲ့သော အလှူငွေများမှာ လင်းခေးမြို့နယ် ပညာရေးငွေပဒေသာပင်နှင့် မောက်မယ်မြို့နယ် ပညာရေးဌာနအတွက် လှူဒါန်းငွေကျပ်သိန်း ၃၀၊ ဝမ်တိန်းကျေးရွာ ရှေးဟောင်းဘုရားများ ပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀၊ ဝမ်ဟတ်တိုက်နယ် မကျိုင်းမွန်း ပရဟိတမိဘမဲ့ကလေးများကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် လင်းခေး-ပန်တဝိ လမ်းဖောက်လုပ်ရေးအတွက် အလှူငွေကျပ်သိန်း၂၀ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၈၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက်
၁၃-၆-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

<u>နံနက်ပိုင်း</u>

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

<u>နေ့လယ်ပိုင်း</u>

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန်မှ စက်ဘီးစက်ရုံအကြောင်း)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့အနုပညာ-ချစ်စံဝင်း)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ရိုးသားကြိုးစားခြင်းတို့ဖြင့် ဘဝကို အောင်မြင်စွာ တည်ဆောက်ပါ)
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) နတ်စည်ငယ်လေမိုးဘွဲ့ (အုတ်ဖိုလှမင်း)
(၂) မျှော်တိုင်းခုဝယ်ပတ်ပျိုး (ကြူကြူသင်း)
(၃) ပြာပြာညိုရောင်မှိုင်းလို့ရီမှောင် (မြင့်မြင့်စိန်)

<u>ညနေပိုင်း</u>

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာဆိုတာခွင့်လွှတ်ခြင်း (ကိုတင်ဝင်း)
(၂) မေ့ဘဝနဲ့ငှက်ငယ် (ဥမ္မာ)
(၃) မေတ္တာ၏အသီးအပွင့်များ (လက်ပံတန်းသန်းတင်)
၁၇း၃၀ အစာနှင့်အာဟာရ(ငါးပုဏ္ဏား)
၁၇း၄၅ သူ့လက်သံ(အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဆုရ ရခိုင်ပြည်နယ်မှ မဆုဆုဝင်းအောင်၏ စောင်းလက်သံ)
၁၈း၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) သာလွန်ဆင်ဒွမတန်း အင်္ဂလိပ်စာ မီးနင်းများ (ဦးတင်ဝင်းနိုင် ပြန်ဆိုသည်)
(၂) ရဲသုံးဘော် (မောင်သိန်းလွင် ပြန်ဆိုသည်)
၁၉း၁၅ နှောင်းခေတ်ကြေးမုံဇာတ်လမ်းစုံ (လူနှစ်ယောက်၊ ကားတစ်စီး၊ မိုးတစ်ည)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လွမ်းတာရှည်(ကိုမင်းနောင်)
(၂) မေတ္တာအသည်းပန်း (အေဝမ်းတင်တင်လှ)
(၃) ချစ်ပြိုးနှင်းဆီ(ရေနံ့သာစိုးလှိုင်)

မွန်ပြည်နယ် ရေးမြို့နယ် အောင်မေတ္တာရပ်ကွက် အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မေ၂၅ရက်က မြန်မာနိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ဦးချင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးဦးစိုးနိုင်က နိုင်ငံသား အရည်အချင်းပြည့်မီသူ ၃၅၃ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ တစ်ဦးချင်း ထုတ်ပေးစဉ်။
(မြို့နယ် လဝက)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၇ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ်၊ အီးဖရက်ကော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ပိုင်အမ်းဖေ ကူမင်းမြို့ Empark Grand Hotel တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယူနန်မှ မြန်မာနိုင်ငံ မြစ်ကြီးနားမြို့သို့ ကားလမ်းဖောက်လုပ်လျက်ရှိ ဆက်ဆံရေးနှင့် စီးပွားကုန်သွယ်ရေး အခြေခံကောင်းများရှိနေ

တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာပိုင်အမ်းဖေ

သတ္တု၊ သစ်တော၊ ရေမြေသဘာဝအရင်းအမြစ်များ များစွာရှိ နည်းပညာနှင့် အရင်းအနှီး ပူးပေါင်းပါက အကျိုးကျေးဇူးရရှိမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ပိုင်အမ်းဖေသည် ဇွန် ၈ ရက် မွန်းတည့် ၁၂ နာရီက ယူနန်ပြည်နယ် ကူမင်းမြို့ Empark Grand Hotel ပထမထပ်ရှိ အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ■

မိုးလေဝသအခြေအနေ ၁၂-၆-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

သံမဏိစက်ရုံ ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကူမင်းမြို့ရှိ Kunming Iron & Steel Company Ltd. ၏ သံမဏိစက်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကူမင်းမြို့ရှိ Dounan ပန်းဈေး ကြည့်ရှု သံမဏိ၊ သံပြားနှင့် ကုန်ချောထုတ်လုပ်မှု လေ့လာ

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Dan Zeng နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၈ ရက် နံနက် ၈ နာရီတွင် ကူမင်းမြို့ရှိ Dounan ပန်းဈေးသို့သွားရောက်ကြပြီး ပန်းများအား နည်းပညာသစ်များဖြင့် စိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချနေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ရေးဦးစွာ ရောင်စုံပန်းအမျိုးပေါင်း ၃၁၀ ကျော် ခင်းကျင်းရောင်းချလျက်ရှိသည့် ပန်းဈေးရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ပန်းခြင်းများ ရက်လုပ်ရောင်းချမှုနှင့် ပိုးသားဖြင့် ဖန်တီးပြုလုပ်ထားသည့် ရောင်စုံပန်းမျိုးစုံ ခင်းကျင်းရောင်းချနေမှုတို့ကိုလည်းကောင်း၊ သစ်ခွရုံအတွင်း ရောင်စုံသစ်ခွပန်းမျိုးစုံ ခင်းကျင်းရောင်းချနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ပန်းဈေးတာဝန်ခံက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

12-6 (20) 1 6/11/07, 2:56 PM